ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့ (26-6-2008) (၅၇၂)

# ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယက(၄၇)ပါးစုံညီ ပဉ္စမအစည်းအဝေးကျင်းပမည်

**ရန်ကုန်  ဇွန်  ၂၅**

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဉ္စမအစည်းအဝေးကို ၁၃၇၀ ပြည့်နှစ် ဝါဆိုလဆန်း (၈)ရက်၊ (၉)ရက် (၂၀၀၈ ခုနှစ်၊ ဇူလိုင် ၁၀ ရက်၊ ၁၁ ရက်) ကြာသပတေးနှင့် သောကြာနေ့များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၇၀ ပြည့်နှစ် ဝါဆိုလဆန်း(၄)ရက် (၂၀၀၈ ခုနှစ် ဇူလိုင် ၆ ရက်) တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ရာ ပင့်စာများ အချိန်မီ မရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်းဖြင့် သာသနာရေးဦးစီးဌာနက သတင်းရရှိသည်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြစ်ကြောင်းတစ်လျှောက် ဆိပ်ခံဖောတံတားများ ပြင်ဆင်ပြီးစီးမှု ရေယာဉ်များဖြင့် ကုန်စည်သယ်ဆောင်မှု၊ မြစ်ကြောင်းတစ်လျှောက် ရေယာဉ်များ ပုံမှန်သွားလာနေမှုတို့ကို ကြည့်ရှုစစ်ဆေး

ရန်ကုန်  ဇွန်  ၂၅

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြစ်ကြောင်းတစ်လျှောက်ရှိ ဆိပ်ခံဖောတံတားများ ပြင်ဆင်ပြီးစီးမှု၊ မြစ်ဝကျွန်းပေါ်မှ ရန်ကုန်မြို့နှင့် အနယ်နယ်အရပ်ရပ်သို့ ကုန်စည်များ ပုံမှန်သွက်လက်မြန်ဆန်စွာ စီးဆင်းနေမှုနှင့် မြစ်ကြောင်းတစ်လျှောက်၌ ရေယာဉ်များ ပုံမှန်သွားလာနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးရှိ မြန်မာမန်း အထွေထွေရောင်းဝယ်ရေးကုမ္ပဏီလီမိတက်သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းငွေးက မုန်တိုင်းဒဏ်ကြောင့် ရန်ကုန်မြစ်အတွင်းရှိ ဆိပ်ခံဖောတံတားအချို့ပျက်စီးမှု၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အင်ဂျင်နီယာအဖွဲ့ဝင်များက ပြင်ဆင်ဆောင်ရွက်နေမှု၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့**

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်မြင်တိုင်မြို့နယ်ရှိ အမှတ်(၃) ဆိပ်ခံဖောတံတားတွင် ငါးဖမ်းရေယာဉ်များဖြင့် မြစ်ဝကျွန်းပေါ်မှ ရေချိုငါးများ ဝင်ရောက်လာမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





## ပြည်သူ့ဆန္ဒကို ကဖျက်ယဖျက် မလုပ်သင့်ကြပါ

“ပြည်သူအများစု ဆန္ဒကို လေးစားလိုက်နာခြင်းဟာ ဒီမိုကရေစီအဆန်ဆုံးဖြစ်တယ်။ ပြည်သူ့ဆန္ဒကို ကဖျက်ယဖျက် မလုပ်သင့်ကြပါ။ ပြည်သူ့ဆန္ဒကို ဆန့်ကျင်နှောင့်ယှက်ခြင်းဟာ မိမိတို့ကိုယ်မိမိတို့ ပြည်သူ့ရန်သူအဖြစ် သတ်မှတ်ရာရောက်သွားမှာပါ။”

ဦးပြေကျော်၏ **“ပြည်သူခင်းပေးတဲ့ ဒီမိုကရေစီလမ်းပေါ် ဖြောင့်မတ်စွာ လျှောက်ကြပါစို့”** (ဆောင်းပါး) စာမျက်နှာ-၆၇

# မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျောင်းများသို့ အမိုးသွပ်ပြားများနှင့် ကျောင်းသုံးဗတ်စာအုပ်များ ထပ်မံပေးပို့

**ရန်ကုန်  ဇွန်  ၂၅**

မော်လမြိုင်ကျွန်းမြို့နယ် ပညာရေးဌာနမှ လေဘေးသင့်ကျေးရွာများရှိ မူလတန်းနှင့် မူလတန်းလွန် ယာယီကျောင်းဆောင်များအတွက် သွပ်ချပ်ရေ ၆၃၂၀ ချပ်နှင့် ထပ်တိုးကျောင်းသားများအတွက် လိုအပ်သော ကျောင်းသုံးဗတ်စာ စာအုပ်အုပ်ရေ ၂၀၀၀၀ ကျော်ကို ဦးအေးမြင့်(အထက-၂) ခေါင်းဆောင်သောအဖွဲ့သည် ရွှေလဝင်း ရေယာဉ်ဖြင့် သူရဲချောင်းကျေးရွာအုပ်စုနှင့် ရှောက်ချောင်းကျေးရွာအုပ်စုသို့လည်းကောင်း၊ ဦးခင်မြင့်(အထက-၂) ခေါင်းဆောင်သောအဖွဲ့သည် ပြည်ဖြိုးခိုင်ရေယာဉ်ဖြင့် မဘေကျေးရွာအုပ်စုနှင့် ကျွန်းချောင်းကျေးရွာအုပ်စုသို့ လည်းကောင်း၊ ဦးထွန်းဝင်း(အထက-၁) ခေါင်းဆောင်သောအဖွဲ့သည် အောင်ကြည်သန်းရေယာဉ်ဖြင့် နတ်မူးကျေးရွာအုပ်စုနှင့် မြတ်သာကျေးရွာအုပ်စုတို့သို့လည်းကောင်း ရွာ ၅၁ ရွာမှ ယာယီကျောင်းဆောင် ၅၃ ဆောင်အတွက် ယနေ့နံနက်ပိုင်းတွင် ကျေးရွာများအရောက် သွားရောက်ပေးပို့ခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

အတည်ပြုချိန် ၂း၅၅

ကြေးမုံ The Mirror

၂၆-၆-၂၀၀၈
(ကြာသပတေးနေ့)

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး နိုင်ငံတော်နှင့်အတူ ပြည်သူများ ပူးပေါင်းဆောင်ရွက်

ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်နေမှုများ ပေါ်ပေါက်လျက်ရှိသည်။ မူးယစ်ဆေးဝါးသုံးစွဲသူ၊ သယ်ဆောင်ရောင်းဝယ်သူများနှင့် နီးနွယ်ဆက်စပ်နေသော ပတ်ဝန်းကျင်နှင့် နိုင်ငံတိုင်း၊ ဒေသတိုင်းတွင် လူမှုရေးဆိုင်ရာပြဿနာများ ဖြစ်ပေါ်နေသည်။

အထူးသဖြင့် စိတ်ကြွရူးသွပ်ဆေးဝါးများသည် ကမ္ဘာတစ်ဝန်းရှိ လူငယ်ထုအတွင်း အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် စိမ့်ဝင်ပျံ့နှံ့လျက်ရှိပြီး ယင်းဆေးဝါးများ၏ ခြိမ်းခြောက်မှုအန္တရာယ်မှာ ယနေ့တိုင် ကြီးမားနေဆဲဖြစ်သည်။ ထို့ကြောင့် လူငယ်ထုအကြား ယင်းမူးယစ်ဆေးဝါးများ၏ ဆိုးကျိုးအန္တရာယ်နှင့်စပ်လျဉ်း၍ အသိပညာပေးမှုများ၊ ဆွေးနွေးမှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရမည်ဖြစ်သည်။

စိတ်ကြွရူးသွပ်ဆေးဝါး သုံးစွဲသူအများစုတွင် မိမိကိုယ်ကို အထင်ကြီးစိတ်ဝင်ခြင်း၊ စကားများခြင်း၊ သည်းမခံနိုင်ခြင်း၊ မထင်မှတ်ဘဲ ကြမ်းတမ်းသောအမူအရာများ ဖြစ်ပေါ်တတ်ခြင်း စသည့်လက္ခဏာများ တွေ့ရတတ်သည်။ ဆေးသုံးစွဲမှုအမြင့်ဆုံးအချိန်တွင် ရုတ်တရက် ဆေးသုံးစွဲမှုရပ်ဆိုင်းသွားပါက စိတ်ကျရောဂါခံစားကြရပြီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခြင်းများပင် ပြုလုပ်တတ်ကြောင်း သိရသည်။

ထို့အပြင် အချို့နိုင်ငံများ၌ စိတ်ကြွရူးသွပ်ဆေး အလွန်အကျွံသုံးစွဲသူအများစုသည် စိတ်ဖောက်ပြန်မှုများ ဖြစ်လာပြီး ဆိုးရွားသည့်မှုခင်းကြီးများကို ကျူးလွန်တတ်ကြကြောင်း တွေ့မြင်ကြားသိနေရသည်။ နိုင်ငံတကာတွင် ဆယ်ကျော်သက်လူငယ်များ၊ ပညာတတ်လူငယ်များအကြား ဖြစ်ပေါ်နေသော မှုခင်းကြီးများသည် စိတ်ကြွရူးသွပ် ဆေးဝါးသုံးစွဲမှုများနှင့် ဆက်စပ်နေခြင်းကြောင့်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဥပဒေများပြဋ္ဌာန်းထားရှိပြီးသုံးစွဲသူ၊ လက်ဝယ်ထားရှိသူ၊ သယ်ယူပို့ဆောင်ရောင်းဝယ်သူများအား ထိရောက်သောပြစ်ဒဏ်များ ချမှတ်လျက်ရှိသည်။ နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံးက စိတ်ကြွ ရူးသွပ်ဆေးပြားများအပါအဝင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းတိုက်ဖျက်ရေးလုပ်ငန်းများ၌ ဆက်လက်ပူးပေါင်းပါဝင် ဆောင်ရွက်ကြခြင်းဖြင့် မူးယစ်ဆေးဝါး တားဆီးတိုက်ဖျက်ရေးလုပ်ငန်းများ ပိုမိုထိရောက် အောင်မြင်မှုရရှိလာမည် ဖြစ်ပါသည်။ ။

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား သဘောတူစာချုပ်များနှင့် ဘဏ်လုပ်ငန်းအစီအစဉ်များ လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၅

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာအား အိန္ဒိယသမ္မတနိုင်ငံမှ Minister of State for Commerce and Power, H.E. Mr.Shri Jairam Ramesh ခေါင်းဆောင်သော ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၄ ရက် ညနေ ၃နာရီတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ညှိနှိုင်းခန်းမသို့ လာရောက်တွေ့ဆုံပြီး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။**

ထို့နောက်မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား သဘောတူစာချုပ်နှင့် နှစ်နိုင်ငံဘဏ်များအကြား ငွေချေးစာချုပ်များနှင့် ဘဏ်လုပ်ငန်းအစီအစဉ်များ လက်မှတ်ရေးထိုးပွဲကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲတွင် မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့် အကာအကွယ်ပေးရေး သဘောတူစာချုပ်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရကိုယ်စား Minister of State for Commerce and Power, H.E.Mr.Shri Jairam Ramesh တို့က လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် အိန္ဒိယပို့ကုန်သွင်းကုန်ဘဏ်မှ Aluminium Conductor Steel Reinforced (ACSR) Wire ထုတ်လုပ်ရေးစက်ရုံ စီမံချက်အတွက် အမေရိကန်ဒေါ်လာ သန်း ၂၀ ထုတ်ချေးရေးဆိုင်ရာ ငွေချေးစာချုပ်နှင့် သူငွေးချောင်း-အုတ်ရှစ်ပင်ဓာတ်အားလိုင်း၊ သူငွေးချောင်း-သံတွဲ- မအီ-အမ်း ဓာတ်အားလိုင်း၊ သံတွဲ-အသုတ် ဓာတ်အားလိုင်း စီမံချက်များအတွက် အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၀၇ သန်း ထုတ်ချေးရေးဆိုင်ရာငွေချေးစာချုပ် နှစ်ရပ်တို့ကို မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရီနှင့် အိန္ဒိယပို့ကုန် သွင်းကုန်ဘဏ် အထွေထွေမန်နေဂျာချုပ် Mr.Sunil Trikha တို့က လက်မှတ်ရေးထိုးကြသည်။

ထို့နောက် နှစ်နိုင်ငံဘဏ်များဆက်သွယ်မည့် ဘဏ်လုပ်ငန်း အစီအစဉ်များကို မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေး ဘဏ်တို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာ့စီးပွားရေးဘဏ်မှ သက်ဆိုင်ရာ အထွေထွေမန်နေဂျာနှင့်အိန္ဒိယသမ္မတနိုင်ငံ United Bank of India မှ အထွေထွေမန်နေဂျာ Mr.Ashok Rai တို့က အသီးသီး လက်မှတ်ရေးထိုးကြသည်။

လက်မှတ်ရေးထိုးပွဲသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိမ်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Bhaskar Kumar Mitra နှင့် သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာဘက်မှ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အိန္ဒိယသမ္မတနိုင်ငံမှ Minister of State for Commerce and Power, H.E. Mr. Shri Jairam Ramesh ခေါင်းဆောင်သည့် ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြရာ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းအား အိန္ဒိယသမ္မတနိုင်ငံမှ Minister of State for Commerce and Power, H.E. Mr. Shri Jairam Ramesh ခေါင်းဆောင်သည့် အိန္ဒိယ ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၄ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး၏ ညှိနှိုင်းခန်းမသို့ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ ထိုသို့တွေ့ဆုံရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှတ် (၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းအား အိန္ဒိယသမ္မတ နိုင်ငံမှ Minister of State for Commerce and Power, H.E.Mr. Shri Jairam Ramesh ခေါင်းဆောင်သည့် ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၄ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံး ညှိနှိုင်းခန်းမသို့ လာရောက်တွေ့ဆုံ၍ ရေအား လျှပ်စစ်စီမံကိန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမှတ် (၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံမှ Minister of State for Commerce and Power, H.E. Mr. Shri Jairam Ramesh ခေါင်းဆောင်သည့် ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာအိန္ဒိယ သမ္မတနိုင်ငံ သံအမတ်ကြီး H.E .Mr. Bhaskar Kumar Mitra လည်း တက်ရောက်သည်။ (သတင်းစဉ်)




## တန့်ကြည့်တောင်ဆရာတော် သာသနာပြုခရီးကြွရောက်

**ရန်ကုန် ဇွန် ၂၅**

တန့်ကြည့်တောင်ရန်အောင်ချမ်းသာ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တသောမဗုဒ္ဓိ အရှင်သူမြတ်သည် စင်ကာပူနိုင်ငံရှိ ဒါယကာ၊ ဒါယိကာမများ၏ ပင့်လျှောက်ချက်အရ ဇွန်၂၃ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် သာသနာပြုခရီး ကြွရောက်တော်မူသည်။

ဆရာတော်သည် စင်ကာပူနိုင်ငံတွင် ဇွန် ၂၃ ရက်ညနေပိုင်းမှ ဇွန်၂၉ ရက် နံနက်ပိုင်းအထိ(၇)ရက်အဓိဋ္ဌာန်ပွဲကျင်းပ၍ သတိပဋ္ဌာန်ဝိပဿနာ တရားတော်များကို ဟောကြားပြသမည်ဖြစ်ပြီး ဇူလိုင် ၄ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ကြွရောက်တော်မူမည်ဖြစ်သည်။

ဆရာတော်နှင့်အတူ တန့်ကြည့်တောင်ဝိပဿနာရိပ်သာ (ရန်ကုန်)မှ ကပ္ပိယကာရကအဖွဲ့ဝင်များ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ (ကြေးမုံ)




## ပေးအပ်လှူဒါန်း

**ကွယ်လွန်သူမိဘနှစ်ပါးနှင့် အစ်မကြီး၊ သားတို့အား ရည်စူး၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၃ ရပ်ကွက် ၂၈ လမ်းနေ ဒေါ်စောတင်မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကဓရေ ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ-နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

**မူလသစ္စာဒီပက ဝိပဿနာ အဖွဲ့ချုပ် မြေနေရာဝယ်ရန်နှင့် အဆောက်အအုံအတွက် ငွေလှူဒါန်းပွဲကို ဇွန် ၁၈ ရက်က ကျင်းပရာ စမ်းချောင်းမြို့နယ် မင်္ဂလာလမ်းနေ ဦးသိန်းနှင့် သား၊ သမီး၊ မြေးတစ်စုက ငွေကျပ် ၁၁၀၀၀၀ လှူဒါန်းရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမြသောင်း လက်ခံယူစဉ်။**

(က-ပ)



## ပေးအပ်လှူဒါန်း

**ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းနေ မိခင်ကြီးဒေါ်ရီအား ရည်စူး၍ သမီး ဆရာမဒေါ်ထိုက်ထိုက်က ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့နာယက ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။**

(ဘိုးဘွားရိပ်သာ)

# ဓာတ်အားလိုင်းများ သွယ်တန်းတည်ဆောက်မှုအခြေအနေ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၅

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇွန် ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင်ရှိ ဆိပ်ကြီးခနောင်တိုမြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး ရှင်းလင်းခန်းမ၌ ဝန်ကြီးအား မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်နိုင်က မြို့နယ်အတွင်းရှိ ပြည်သူများအား စနစ်တကျ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ရရှိစေရေးအတွက် System Improvement လုပ်ငန်းများဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။**





**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် ဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးစဉ်။**

(အမှတ်-၂၊ လျှပ်စစ်)

ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးက ပြည်သူများလိုအပ်သော လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်စေရေးအတွက် ပူးပေါင်း ဖော်ဆောင်သွားကြရန်မှာကြားပြီး မြို့နယ်ရုံးရှိ 33/6.6 KV(2MVA) ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများအခြေအနေ၊ Control Roomရှိ ဓာတ်အား အဝင်၊ အထွက်ဖီဒါများ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

**– ဖြည့်ဆည်းဆောင်ရွက် –**

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ဒလမြို့နယ် ဆာပါချောင်ကျေးရွာအနီး၌ မြစ်ကျော်တာဝါတိုင် 33KV ဓာတ်အားလိုင်း Douvle Circuit ချိတ်ဆက်သွယ်တန်း ထားရှိမှုအခြေအနေများနှင့် ဓာတ်အားလိုင်းခွဲထွက်မှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ဓာတ်အားလိုင်းချိတ်ဆက်သွယ်တန်းခြင်းဆိုင်ရာလုပ်ငန်းလိုအပ်ချက်များကိုမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် ဒလမြို့နယ်နှင့် တွံတေးမြို့နယ် ၁၂ မိုင်အကွာ ချိတ်ဆက် သွယ်တန်းသည့် 33KV ဓာတ်အားလိုင်း တိုင်ထူ၊ ကြိုးဆွဲခြင်းလုပ်ငန်းများနှင့် ရန်ကုန် ပေါက်ကျေးရွာအနီး လျှပ်စစ်ကျွမ်းကျင် လုပ်သားများ မီးရထားသံလမ်းများအသုံးပြု၍ 33KV ဓာတ်အားလိုင်း တိုင်ထူ/ လိုင်းကြိုးဆွဲခြင်းနှင့် ကြွေသီးတပ်ဆင်ခြင်း လုပ်ဆောင်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာချုပ် ဦးခင်မောင်ဝင်းက ဒလမြို့နယ် ကံဘဲ့ကျေးရွာလမ်းဆုံ(၇)မိုင်(၂)ဖာလုံကို 33KV ဓာတ်အားလိုင်း(၁၁၇)တိုင် တိုင်ထူကြိုးဆွဲခြင်း၊ ကြွေသီးတပ်ဆင်ခြင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ လုပ်ငန်းများ အချိန်မီပြီးစီးစေရေးနှင့် ဓာတ်အားပို့လွှတ်နိုင်စေရေး အလေးထားဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည်ကံဘဲ့ကျေးရွာလမ်းဆုံမှ တွံတေးမြို့နယ်သို့ ၄မိုင်၇ဖာလုံအကွာအဝေး၊ 33KV ဓာတ်အားလိုင်း တိုင်ထူ၊ ကြိုးဆွဲခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဒုတိယအင်ဂျင်နီယာချုပ် ဦးကျော်ကျော်က တွံတေးမြို့နယ်အဝင်လမ်းခွဲတစ်လျှောက် 33KVဓာတ်အားလိုင်း တိုင်ထူ၊ကြိုးဆွဲခြင်း၊ ကြွေသီးတပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဓာတ်အားဖြန့်ဖြူးခြင်းဆိုင်ရာ လိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# စစ်ကွင်းအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇွန် ၂၅**

စစ်ကွင်းအသင်း (ရန်ကုန်) ၏ (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကို ဇူလိုင် ၆ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ စမ်းချောင်းမြို့နယ်ဥယျာဉ်တိုက်ကျောင်းဝင်းရှိ ရွှေကျင်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

၂၀၀၆-၂၀၀၇ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူ အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆု ပေးမည်ဖြစ်ပါ၍ ခိုင်လုံသော အထောက်အထားများဖြင့် ဇွန် ၃၀ရက် နောက်ဆုံးထား၍ ဆက်သွယ်ကြရမည်ဖြစ်သည်။ အသင်းဝင်များနှင့် အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ရန်ကုန်ရောက် စစ်ကွင်းသူ၊စစ်ကွင်းသားများ ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဦးသောင်းရှိန် ဖုန်း-၅၈၁၀၄၁၊ ဦးခင်ကြွယ် ဖုန်း-၅၃၄၁၂၈၊ ဦးမြင့်သိန်း ဖုန်း-၅၀၄၀၆၉၊ ဦးဝင်းမောင် ဖုန်း-၅၂၅၀၄၀၊ ဦးတင်ဝင်း ဖုန်း-၅၂၅၀၈၃၊ဦးသန်းစိန် ဖုန်း-၅၄၈ ၇၀၁၊ ဦးတင်အောင် ဖုန်း-၇၀၆၈၀၂ နှင့်ဦးစောတင်အုန်း ဖုန်း-၅၀၁၆၄၄၊လိုင်းခွဲ-၁၁၆သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

# ဝိုင်အမ်ဘီအေ(၁၀၂)နှစ်ပြည့် ညီလာခံကျင်းပ

**ရန်ကုန် ဇွန် ၂၅**

YMBA အသင်းကြီး၏(၁၀၂)နှစ်ပြည့် နှစ်ပတ်လည် ညီလာခံကို အမှတ်- ၇၇၊ ရေကျော်လမ်း ပုဇွန်တောင်မြို့နယ်ရှိ အသင်းရုံးခန်းမ၌ ကျင်းပရာ အသင်းနာယကကြီးများ၊ ဂုဏ်ထူးဆောင် ဒုတိယဥက္ကဋ္ဌများ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ရာသက်ပန် အသင်းဝင်များ စုံညီစွာ တက်ရောက်ကြသည်။ အသင်း၏နှစ်ပတ်လည်အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကိုဖတ်ကြားအတည်ပြုပြီးနောက် ၂၀၀၈-၂၀၁၀ပြည့်နှစ် အမှုဆောင်သစ်များရွေးချယ်ရာဥက္ကဋ္ဌ ဒေါက်တာကံညွှန့်၊ အတွင်းရေးမှူး ဦးစိန်သန်း၊ ဘဏ္ဍာရေးမှူး ဦးစိန်လှအောင် အပါအဝင် အမှုဆောင် ၂၈ ဦးကို ရွေးချယ်တင်မြှောက်ကြသည်။ ညီလာခံတွင် ဗုဒ္ဓဘာသာ မင်္ဂလာတရားတော်များ ပြန့်ပွားရေး ငွေပဒေသာပင်ကျပ်တစ်သိန်းကိုအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း (တက္ကသိုလ်-စိုးယဉ်) - ဒေါ်လေးယဉ်မိသားစုက လှူဒါန်းရာ**(အောက်ပုံ)**အသင်းဥက္ကဋ္ဌမှ လက်ခံကြောင်းနှင့် အမျိုးဘာသာ သာသနာ၊ပညာအတွက်လွတ်လပ်ရေး မတိုင်မီကပင် တစိုက်မတ်မတ်ဆောင်ရွက်ခဲ့သောYMBA အသင်း ကြီးအတွက် သဒ္ဓါကြည်လင်ပါရမီရှင်များ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)






**ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားဈေးနေ နှစ်ဖက်သော မိဘများအား အမှူးထား၍ဦးမောင်မောင်ခင်-ဒေါ်အုန်းသိန်း မိသားစုကအလှူငွေကျပ်၁၃၃၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးမြင့်နှင့် ဦးအုန်းကြိုင်တို့ လက်ခံယူစဉ်။** (ကြေးမုံ)

# ခရမ်းမြို့နယ်အသင်း (ရန်ကုန်) တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၅**

ခရမ်းမြို့နယ်အသင်း (ရန်ကုန်) ဦးဆောင် နာယကမွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း၏တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ပွဲကိုဇွန်၂၁ရက်တွင်ရန်ကုန်မြို့တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် ရန်ကြီးအောင်လမ်းရှိ ခရမ်းမြို့နယ်အသင်း(ရန်ကုန်)၌ ကျင်းပသည်။

အခမ်းအနားတွင် ခရမ်းမြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌဦးသန်းလွင်က အမှာစကား ပြောကြားသည်။

ထို့နောက် ခရမ်းမြို့နယ်အသင်း (ရန်ကုန်)၏ ပညာရေးဆပ်ကော်မတီဥက္ကဋ္ဌဦးမြင့်ဆွေက ပညာသင်ဆုရရှိကြသော ဆေးတက္ကသိုလ်(၂) ပထမနှစ် ကျောင်းသူ မသိမ့်သိမ့်ဦးသို့ ဒုတိယအရစ် သုံးလအတွက် ငွေကျပ် ၁၅၀၀၀၀၊ ဆေးတက္ကသိုလ်(၁) ပထမနှစ် ကျောင်းသူ မအေးလဲ့သူသို့ ဒုတိယအရစ်ငွေကျပ် ၁၀၀၀၀၀နှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ပထမနှစ်ကျောင်းသူ မဆုဝေဖြိုးသို့ ဒုတိယအရစ်ငွေကျပ် ၁၀၀၀၀၀တို့ကို ပေးအပ်သည်။ အသင်း ဦးဆောင်နာယကဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း၏ ပညာသင်ဆုမှာ ယခုနှစ်တွင် ဆေးတက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များ၌ တက်ရောက်ခွင့်ရပြီး နွမ်းပါးကြသည့်ကျောင်းသူသုံးဦးတို့အား ဘွဲ့ရသည်အထိ ပညာသင်ကြားနိုင်ရန် တစ်နှစ်လျှင်ငွေကျပ် ၁၀ သိန်းဖြင့် ခြောက်နှစ်အတွက် ငွေကျပ်သိန်း ၆၀ ကို ခရမ်းမြို့နယ်အသင်း(ရန်ကုန်)ပညာရေးကော်မတီမှ တစ်ဆင့်ထောက်ပံ့ ပေးသွားမည်ဖြစ်ကြောင်းသိရှိရသည်။ (သတင်းစဉ်)



**တနင်္သာရီတိုင်း ၊ ပဲခူးတိုင်း(အနောက်ပိုင်း) ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရေဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များပါဝင်သောအဖွဲ့(၅) ဘိုကလေးမြို့နယ် ကြိမ်ချောင်းကျေးရွာ၌ ပြိုလဲကျနေသော သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ဖယ်ရှားရှင်းလင်းစဉ်။**

(သတင်းစဉ်)

# လေဘေးသင့်ကယ်ဆယ်ရေးပစ္စည်းများ မော်လမြိုင်ကျွန်းမြို့နယ်သို့ ထပ်မံရောက်ရှိ

**ရန်ကုန် ဇွန် ၂၅**

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ဒေသများသို့ ဖြန့်ဝေရန် ထောက်ပံ့ရေးပစ္စည်းများ အဆက်မပြတ်ရောက်ရှိလျက်ရှိရာ ဇွန် ၂၃ရက်နံနက်ပိုင်းတွင်စောင်၊မြက်ဖျာ၊ ရေသန့်၊ မုန့်မျိုးစုံ၊ အဝတ်အထည်၊ ကြက်သွန်နီ၊လူသုံးကုန်များ၊ မိသားစုသုံးပစ္စည်းများ၊ ပဲ၊ ဆပ်ပြာ၊ ဖိနပ်၊ ဆေးဝါးပစ္စည်းအမျိုးမျိုး၊ ငါးဖမ်းပိုက်၊ ငါးသေတ္တာ၊ ဆီ၊ စည်သွတ်ပြောင်းဖူး၊ ကြက်ဆန်ပြုတ်၊ ခေါက်ဆွဲ၊ ဓာတ်မီး၊ ဒီဇယ်မီးဖို၊ အလှူကုန်၊ ပလတ်စတစ် ခြင်လုံဆန်ခါ၊ကြိုးခွေ၊ ပလတ်စတစ်ရေထည့်အိတ်၊ ကြာဆံ၊ ဘီစကွတ်၊ သစ်သီးစည်သွတ်ဘူး၊ လက်ဖက်ခြောက်စသည့် စုစုပေါင်း ၄၇ တန်သည် မြတ်မျိုးမောင် ရေယာဉ်ဖြင့် မော်လမြိုင်ကျွန်းမြို့ အသင့်ရေယာဉ် ဆိပ်ကမ်းသို့ ရောက်ရှိလာသည်။

အလားတူ လှတိုးမောင်ရေယာဉ်ဖြင့် မိုးကာစအချပ် ၁၀၀၊ အဝတ်အထည်၊ မိုးကာလိပ် ၂၀၊ ပေါက်ပြားအလက်၁၀၀၀၊ ဓား၂၄ထုပ်၊ ဆီးချိုသွေးချိုသွေးခဲ ပျောက်ဆေး ခုနစ်ဖာ၊ မိုးကာတဲအချပ်၁၀၀၊လက်နှိပ်ဓာတ်မီးနှစ်ဖာ၊ပန်းကန်များ၊ ပစ္စည်းအစုံပါဘူး၅၀၊အဝတ်အထည်မျိုးစုံ ၇၅ ထုပ်တို့သည်လည်း အသင့် ရေယာဉ်ဆိပ်ကမ်းသို့ ရောက်ရှိလာကြောင်းနှင့် လေဘေးသင့် ကျေးရွာများသို့ ဆက်လက် ဖြန့်ဖြူးပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ဆေးအကာအကွယ်ပေးရေးအထူးအဖွဲ့ ဘိုကလေးမြို့နှင့် ကျေးရွာများရှိပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ ဆောင်ရွက်ပေးလျက်ရှိ

**သတင်းဆောင်းပါး-မောင်မောင်ထွေး(သတင်းစဉ်)**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



**တပ်မတော် အရိုးရောဂါအထူးကု ဆေးရုံကြီးမှ အရိုးရောဂါ ခွဲစိတ်ပါရဂူ ဒုတိယဗိုလ်မှူးကြီး ကျင်ထွန်း ရှင်းလင်းပြောကြားစဉ်။**

မုန်တိုင်းသင့် ဧရာဝတီတိုင်း ဘိုကလေးမြို့နှင့် ကျေးရွာများရှိ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု အပြည့်အဝ ဆောင်ရွက်ပေးလျက်ရှိသည့် ကာကွယ်ရေး ဝန်ကြီးဌာန၊ ဆေးဝန်ထမ်းညွှန်ကြား ရေးမှူးရုံး ဆေးအကာအကွယ်ပေး ရေးအထူးအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီး ကျင်ထွန်း ဦးဆောင်သော အဖွဲ့ဝင် များနှင့် မိမိတို့ သတင်းအဖွဲ့ဝင်များ စတင်ထိတွေ့မှုကား မှတ်မှတ်ရရ ရှိလှသည်။

ဘိုကလေးမြို့၏ ပြန်လည် တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို အနီးကပ် ကြီးကြပ် လျက်ရှိသည့် သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်၏ ဇွန် ၁၀ရက်နေ့က ကြိမ်ချောင်းကြီး၊ စက်ဆန်းကျေးရွာ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုး ရေးလုပ်ငန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည့် ခရီးစဉ် အတွင်း လမုအုပ်ကြီးကျေးရွာသို့ ရောက်ရှိစဉ် ရှင်သာမဏေ ကိုရင် လေးတစ်ပါးသည် ခြေထောက် ညှောင့်စူး၍ ထော့နင်း ထော့နင်း ဖြစ်နေသည်ကို ဝန်ကြီးကသတိ ပြုမိပြီး ဒေါက်တာအတိမ်အနက်အရ ဘိုကလေးမြို့သို့ တစ်ပါတည်း ပင့်ဆောင်လာခဲ့သည်။

ခရီးစဉ်အတွင်း ကျေးရွာများ၌ ဆေးကုသစဉ် ဆေးအဖွဲ့ခေါင်း ဆောင်ဒုတိယဗိုလ်မှူးကြီး ကျင်ထွန်း သည် ခေါင်းမူးသူ၊ ဗိုက်နာသူ၊ ထိခိုက် ဒဏ်ရာရသူ၊ အကြောတက်သူ၊ ဖျား နာသူ၊ ချောင်းဆိုးသူဝေဒနာရှင် ရွာသူရွာသားအားလုံးကို ရင်းရင်း နှီးနှီး၊ ပျော်ပျော်ရွှင်ရွှင် စေတနာ အပြည့်ဖြင့် ဆေးကုသပေးနေသည် ကို ကျွန်တော် မှတ်မှတ်ရရ ဖြစ်နေ မိပါသည်။

သို့ဖြစ်၍ ဆေးအထူးအဖွဲ့၏ ဆောင်ရွက်မှုတို့ကို စာဖတ်ပရိသတ် များထံ တင်ပြနိုင်ရန် ဘိုကလေးမြို့ရှိ ဆေးအကာအကွယ်ပေးရေး အထူး အဖွဲ့ ခေါင်းဆောင် ဒုတိယ ဗိုလ်မှူး ကြီးကျင်ထွန်းနှင့် သွားရောက်တွေ့ဆုံ ခဲ့ပါသည်။

မိမိတို့ သတင်းအဖွဲ့ဝင်များ ဆေး အထူးအဖွဲ့ အခြေစိုက်စခန်းသို့ ရောက်ရှိချိန်မှာ နံနက် ၈နာရီ ဖြစ်ပါ သည်။ သို့သော် အဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်မှူးကြီး ကျင်ထွန်းနှင့် အဖွဲ့ဝင်များက ယာယီဆေးကုသ ဆောင်များရှိ လူနာများနှင့် ပြင်ပ လူနာများကို မမောနိုင်၊ မပန်းနိုင် ဆေးကုသပေးနေ၍ ထမင်းစား ခေတ္တရပ်နားချိန် ၁၁ နာရီကျော်မှသာ တွေ့ဆုံမေးမြန်းခွင့်ရခဲ့သည်။



**ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီး ကျင်ထွန်း ခေါင်းဆောင်သောအဖွဲ့ ဘိုကလေးမြို့နယ် ကျေးရွာများအရောက် သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးကြစဉ်။**

ရှေးဦးစွာ တပ်မတော် အရိုးရောဂါ အထူးကုဆေးရုံကြီးမှ အရိုးရောဂါ ခွဲစိတ် ပါရဂူ ဒုတိယဗိုလ်မှူးကြီး ကျင်ထွန်းက "ကျွန်တော်တို့အဖွဲ့ မှာ ဆရာဝန်ခုနစ်ဦး၊ အုပ်ချုပ်မှုအရာ ရှိတစ်ဦး၊ အခြားအဆင့် ၂၆ ဦး ရှိပါ တယ်။ ဘိုကလေးမြို့နဲ့ အနီး တစ်ဝိုက်မှာရှိတဲ့ ရောဂါဝေဒနာ ရှင်များကို တစ်နေရာတည်းမှာ အခြေပြု၍ ရောဂါကုသမှု လုပ်ငန်း တွေကို ဆောင်ရွက်ပေးနေသလို ရောဂါကာကွယ်ရေး လုပ်ငန်းများ ကိုလည်း ဆောင်ရွက်ပေးနေပါ တယ်။

ကျွန်တော်ဟာ ဒီဘိုကလေးမြို့သား ဖြစ်ပါတယ်။ ဒီမှာတာဝန်ကျတဲ့ အတွက် ကိုယ့်မြို့ကို ကိုယ်ပြန်ပြီး ကျေးဇူးဆပ်ခွင့်ရခဲ့ပါတယ်။ မေ ၁၅ ရက်မှာရောက်ပါတယ်။ မေ ၁၆ ရက်မှာပဲ ယာယီရွက်ဖျင်တဲတွေထိုး ပါတယ်။ ၁၇ ရက် ညနေ ၃ နာရီ လောက်ကစပြီး ဆေးစကုပါတယ်။ ခွဲစိတ်ခန်းလေးမှာလည်း ညနေပိုင်းမှာ စပြီးခွဲစိတ်ကုသမှုကိုစတင်ဆောင်ရွက် ပါတယ်။ ကျွန်တော်တို့အဖွဲ့ဝင်တွေ အားလုံး တက်ညီလက်ညီဆောင်ရွက် ခဲ့ကြတဲ့အတွက်မြို့ခံလူထုကပထမတစ် ပတ်အတွင်းမှာပဲထိခိုက်ဒဏ်ရာရမှုတို့ ဖျားနာသူတွေအပါအဝင်တစ်ရက်ထဲ မှာလူနာပေါင်း၆၄၀လောက်ဖြစ်တဲ့နေ့ တွေရှိပါတယ်။ ဒီဘက်ပိုင်းမှာတော့ အနည်းဆုံးတစ်နေ့ကို၃၀၀နဲ့၄၀၀ကြား ပဲရှိပါတယ်။ အဓိကရောဂါတွေက တော့ထိခိုက်ဒဏ်ရာတွေအဆုတ်အအေး မိရောဂါတွေဖြစ်ကြပါတယ်။ဝမ်းပျက်၊ ဝမ်းလျှောရောဂါကတော့မရှိသလောက် ပါပဲ။ အရိုးအကြောအဆစ်နဲ့ ပတ်သက်တဲ့ ရောဂါအတော်များများ လည်းလာပြကြပါတယ်။ကျွန်တော့်အ နေနဲ့တစ်ဖက်ကအဖွဲ့ခေါင်းဆောင်ဖြစ် တဲ့အတွက်လိုအပ်တဲ့အုပ်ချုပ်ထောက်ပံ့ မှုလုပ်ငန်းများကိုကွပ်ကဲဆောင်ရွက်သလို ကုသမှုအလုပ်ကိုလည်းပါဝင်ဆောင်ရွက် ပေးပါတယ်။ကျွန်တော်တို့အဖွဲ့ဝင်တွေ အားလုံးယခုသုံးပတ်ကျော်ကာလအတွင်း တစ်ချက်ကလေးမှမနားကြဘဲဆောင်ရွက် နေပါတယ်။ တနင်္ဂနွေတစ်ရက်ကို ပြင်ပလူနာတွေ ခဏနားပြီးအရေး ပေါ် လူနာတွေကို ကုသပေးပါတယ်။

တနင်္ဂနွေမှာတစ်ပတ်လုံးစာအတွက် ဆေးဝါးကိစ္စတွေ၊ ခွဲစိတ်တဲ့ကိစ္စ တွေကိုပြန်လည်ပြင်ဆင်ဖို့ဖြစ်ပါတယ်။ ဒါတောင်မနက်ပိုင်းမှာ ဖြစ်ပါတယ်။ အရေးပေါ် လူနာတွေကိုတော့ခွဲစိတ် ကုသပေးပါတယ်။ယခုဇွန် ၁၁ ရက် အထိလူနာ ၁၀၀၀၀ နီးပါးကိုကုသ ပေးပြီးဖြစ်ပါတယ်။ရန်ကုန်ကိုမဖြစ် မနေသွားရ မယ့်ရောဂါကလွဲရင်ဒီမှာ ပဲရနိုင်သလောက်လုပ်ပေးပါတယ်။ ကုသမှုနဲ့အတူရောဂါကာကွယ်မှုလုပ်ငန်း တွေကိုလည်းတစ်ပါတည်းဆောင်ရွက် လျက်ရှိပါတယ်။ ရွာတွေကိုလည်း ကွင်းဆင်း ကုသပေးမှုတွေလည်း ဆောင်ရွက်ပါတယ်"ဟု ရှင်းလင်း ပြောကြားသည်။

မိမိတို့သတင်းအဖွဲ့ဝင်များဆေးအကာ အကွယ်ပေးရေးအထူးအဖွဲ့စခန်းမှ ပြန်ထွက်လာချိန်ကား မွန်းလွဲပိုင်းသို့ ပင် ရောက်လုပြီ။ ဒုတိယဗိုလ်မှူးကြီး ကျင်ထွန်း ခေါင်းဆောင်သော ဆေး အဖွဲ့ဝင်များကား ဘိုကလေးမြို့ပေါ် နှင့် ရွာနီးချုပ်စပ်တို့မှ ဝေဒနာရှင် ပြည်သူများအား မမောနိုင် မပန်းနိုင် ဆေးဝါးကုသပေးလျက်ပင်။ ။



**ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ဆေးအကာအကွယ်ပေးရေး အဖွဲ့ ဘိုကလေးမြို့၌ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးစဉ်။**



**ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ရုံးဆေးအကာအကွယ်ပေးရေး အဖွဲ့ ဘိုကလေးမြို့၌ ပြည်သူ များအား ကျန်းမာရေး စောင့် ရှောက်မှုပေးစဉ်။**

## စာသင်တိုက်သို့ ပိဋကတ်သုံးပုံ လှူဒါန်း

ရန်ကုန် ဇွန် ၂၅

ပဲခူးမြို့ ဓမ္မာလင်္ကာရ သာမဏေ ကျော် စာသင်တိုက်ကြီး၌ သီတင်းသုံး စာချ/စာသင် သံဃာတော်များအား ရှင်စောပုရပ်ကွက် မော်ကန်ရပ်ကွက် များမှ အလှူရှင် ၁၆ဦးတို့က ပိဋကတ် သုံးပုံ စုပေါင်းလှူဒါန်းရာ ကျောင်း တိုက်သို့ မပင့်ဆောင်မီ မော်ကန် (၁၃)လမ်းထိပ် ဓမ္မပူဇာမဏ္ဍပ်ကြီး ၌ အများပြည်သူ ကြည်ညိုသဒ္ဓါပွား နိုင်ရန် တစ်ရက် တစ်ည ဓမ္မစေတီ တော် တည်ထားပြီးနောက် အလှူရှင် စေတနာရှင်များက ကျောင်းတိုက်သို့ ပင့်ဆောင်၍ ပဓာန နာယကဆရာ တော် အရှင်ဝိစက္ခဏာလင်္ကာရ ဘိဝံသ (သစသအ ဘီအေ-မြန်မာ) အရှင်မြတ်နှင့် သံဃာတော်များအား ရေစက်သွန်းချ လှူဒါန်းခဲ့ကြသည်။

အဆိုပါ ဓမ္မပူဇာအဖွဲ့မှ နှစ်စဉ် မပျက် ကျောင်းတိုက်အသီးသီးသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။ (၁၆၇)

**မိခင်ကြီး ဒေါ်တီအား အမှူး ထားပြီး ဒေါက်တာမျိုးထွန်းအား ရည်စူး၍ လမ်းမတော်မြို့နယ် အနော်ရထာလမ်းနေ ဒေါ်တင်တင်၊ သမီး ယုဝေသင်း၊ ဆုဝေလင်း၊ သား သူရထွန်းမိသားစုက ဗဟန်း မြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံ ကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် လေးသိန်းလှူဒါန်း ရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁)ဦးသိန်း အောင် လက်ခံယူစဉ်။** (က-ပ)



# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာ စိုက်ထူဖွင့်လှစ်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၅

**၂၀၀၈ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာ စိုက်ထူဖွင့်လှစ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ သပြေကုန်းအဝိုင်းအနီး၌ကျင်းပသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဗဟိုအလုပ်အမှုဆောင် ဒေါ်နီလာသော်က မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ဇနီးဒေါ်ဆွေဆွေဦးက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယနေ့ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်မြေစိုက်ပိုစတာ စိုက်ထူဖွင့်လှစ်ပွဲအခမ်းအနားသို့ နေပြည်တော်ပျဉ်းမနားခရိုင်နှင့် ခရိုင်အတွင်းရှိ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့် နေပြည်တော်တပ်ကုန်းမြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ စုစုပေါင်း အင်အား ၃၀၀တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)






## စက်ခလုတ်နှိပ်ဖွင့်လှစ်

**နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦး မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**

(သတင်းစဉ်)

# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၅

**၂၀၀၈ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ် မြို့နယ် ပြည်လမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်ရှိ လှည်းတန်းလမ်းဆုံ၌ ကျင်းပသည်။**

အခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး ဒေါ်ကြင်မြိုင်နှင့် အဖွဲ့ဝင်များ၊ ကမာရွတ်မြို့နယ်၊ မရမ်းကုန်းမြို့နယ်နှင့် လှိုင်မြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ စုစုပေါင်း အင်အား ၆၀၀ ခန့် တက်ရောက်ကြသည်။

အစီအစဉ်အရ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး ဒေါ်ကြင်မြိုင်က မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)






**ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ကြင်မြိုင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

## သထုံအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ကပ်လှူမည်

**ရန်ကုန် ဇွန် ၂၅**

သထုံအသင်း(ရန်ကုန်)၏(၂၉)ကြိမ်မြောက် သီရိဝေလာပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ နိုင်ငံတော်က ဆက်ကပ်သည့် ဘွဲ့တံဆိပ်တော်ရ သထုံမြို့မှ ဆရာတော်အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲကို ၂၀၀၈ ခုနှစ် ဇူလိုင် ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲတွင် စမ်းချောင်းမြို့နယ် ဗားကရာ တိုက်တွင်းရှိ ကိုးထပ်ကြီးဘုရား သန္တိသုခဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များနှင့် အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ သထုံသား/သထုံသူများ ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးစောလွင် ဖုန်း-၅၁၀၃၄၀၊ ဒု-ဥက္ကဋ္ဌ ဦးခင်မောင်ပြုံး ဖုန်း-၂၁၁၆၅၈၊ ဦးမြင့်သိန်းဖုန်း-၅၅၄၁၀၀ (လိုင်းခွဲ ၂၉၃)နှင့် ဒေါ်ခင်မကြီး ဖုန်း-၅၇၇၇၀၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# e-D-formလျှောက်ထားခြင်းအတွက် ဝန်ဆောင်မှုငွေကို မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၅)ရှိ ငွေစာရင်းအမှတ် (MD - 000086)သို့ ပေးသွင်းရန် အသိပေးကြေညာ

**နေပြည်တော် ဇွန် ၂၅**

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက e-D-form လျှောက်ထားခြင်းအတွက် ဝန်ဆောင်ခငွေကျပ် ၂၀၀ စီကို နီးစပ်ရာ ဘဏ်များမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)ရှိ စာရင်းရှင်အမှတ် ( CH - 063329 )သို့ ယခင်က ပေးသွင်းစေခဲ့သည်။

အဆိုပါ ဝန်ဆောင်မှုရငွေများကို နိုင်ငံတော်သို့ တိုက်ရိုက်ပေးသွင်းနိုင်ရေးဆောင်ရွက်ခဲ့ရာတွင် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၅)၌ ငွေစာရင်းအမှတ် ( MD - 000086 )ကိုရရှိပြီးဖြစ်သဖြင့် ဇူလိုင် ၁ ရက်မှစ၍e-D-form လျှောက်ထားသူများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၅)ရှိ စာရင်းအမှတ် ( MD - 000086) သို့လိပ်မူ၍ **e-D-form ဝန်ဆောင်မှုအတွက်ပေးသွင်းငွေ**ဟု ဖော်ပြပြီး နီးစပ်ရာ ဘဏ်များမှတစ်ဆင့် ပေးသွင်းကြရန်နှင့် ယခင်ငွေစာရင်းသို့ ပေးသွင်းကာ e-D-form လျှောက်ထားပြီး ပြည်ပထွက်ခွာခြင်း မပြုသေးသူများအနေဖြင့် ပြန်လည်လျှောက်ထားရန်မလိုကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၀၈ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် ဇွန် ၂၅**

၂၀၀၈ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က“**ယဉ်ကျေးလှပ မြန်မာအမျိုးသမီးများဘဝ**”ဟူသည့် ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သော ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် ဆုရရှိသူများ၏ အမည်စာရင်းအား ပြိုင်ပွဲကျင်းပရေးကော်မတီက ယနေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆု မြင့်သိန်း(ရှုပ)၊ ဒုတိယဆု အောင်ကျော်ထွန်း(ပုသိမ်ကြီး)၊ တတိယဆု ကိုကိုစိုးညွန့်(နယူးလိုက်အော့ဖ်မြန်မာ)တို့ရရှိကြသည်။ အထူးဆုများအဖြစ် ခွန်းချိုသာလှိုင်(သီလဝမြေ)၊ စိုင်းခမ်းလင်း (Hawk Eyes)၊ ဦးယဉ်မင်းသန့်(နယူးအာရှ)၊ စောအောင်မင်း(နယူးအာရှဓာတ်ပုံ)၊ ကိုဦး(Image Hunter)၊ ဦးစိုးလွင်၊ အောင်ဌေးလှိုင်(Adventure)တို့က ဆုရရှိကြသည်။

ဆုရရှိသူများအား ၂၀၀၈ ခုနှစ် ဇူလိုင် ၃ ရက်တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကျင်းပမည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား၌ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

ဆုရရှိသူများသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမှတ်-၁၃၂၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၀၁၇၇၃နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီ အမှတ်-၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၁၃၄၂ တို့သို့ ဇွန် ၂၉ ရက် နောက်ဆုံးထား၍ ဆက်သွယ်သတင်းပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်သူခင်းပေးတဲ့ ဒီမိုကရေစီလမ်းပေါ် ဖြောင့်မတ်စွာ လျှောက်ကြပါစို့

ဦးပြေကျော်

ဒီမိုကရေစီဆိုတဲ့စကားလုံး (Democracy)ဟာ အင်္ဂလိပ်တို့က မူရင်းဂရိဘာသာစကားလုံး ဒီမို-ကရာတော့စ် (Demo-Kratos)ကို မှီးပြီးတီထွင်လိုက်တဲ့ဝေါဟာရပါ။ ဒီမိုကတော့ သိကြတဲ့အတိုင်း ပြည်သူ၊ အများပြည်သူဖြစ်ပြီး ကရာတော့စ်က လူများစုကောင်းကျိုး (လုံခြုံ အေးချမ်းရေး၊ စားဝတ်နေမှုဖူလုံရေး၊ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူတို့ရဲ့ လူနေမှုအဆင့်အတန်းမြင့်တက်လာရေး)ကို လူများစု (ပြည်သူအများစု) ရွေးချယ်တဲ့လမ်းစဉ် မူဝါဒတွေနဲ့ အကောင်အထည် ဖော်ရေးဖြစ်ပါတယ်။ ဒါကြောင့်လည်း Democracy of the people, For the people, by the people (လူထုရဲ့ဒီမိုကရေစီဆိုတာ လူထုအတွက်၊ လူထုကိုယ်တိုင်ဆုံးဖြတ်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခွင့်) ဆိုတဲ့ ပြည်သူရောမ များရာစုကြီးရဲ့ လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ကို ဆိုလိုတာပါ။

ကမ္ဘာ့ဒီမိုကရေစီလမ်းကြောင်းကို ပြန်ကြည့်ရင် လွန်ခဲ့တဲ့နှစ်ပေါင်း ၂၆၀၀ ကျော်(ခရစ်မပေါ်မီ ဘီစီနှစ် ၆၀၀) က အေသင်(ဂရိ)၊ ရောမ (ယနေ့အီတလီ)၊ စပါတာမြို့ပြနိုင်ငံကလေးသုံးခုမှာ စတင်ပြီးကျင့်သုံးခဲ့တဲ့ ဒီမိုကရာတော့စ်ကို အစောဆုံးခြေရာခံမိမှာပါ။ အေသင်မြို့ပြနိုင်ငံမှာ အဲဒီတုန်းက လူသုံးသိန်းလောက်ရှိရာမှာ တစ်သိန်းလောက်က ကျွန်တွေ ဖြစ်နေလို့ ဒီမိုကရေစီအခွင့်အရေးမရကြပါဘူး၊ လူငါးသောင်းလောက် ကလည်း တစ်ခြားနိုင်ငံကလာရောက်စီးပွားရှာတဲ့သူတွေ(ဒီနေ့ခေတ် FRC ခေါ် နိုင်ငံခြားသားမှတ်ပုံတင်ကိုင်ဆောင်ထားသူတွေ)ဖြစ်လို့ ဒီမိုကရာတော့စ် လုပ်ငန်းစဉ်မှာ ပါဝင်ခွင့်မရှိပါဘူး။

အေသင်မြို့ပြ နိုင်ငံသားစစ်စစ်တွေ (တစ်သိန်းခွဲခန့်)ထဲမှာလဲ အမျိုးသမီးတွေပါဝင်ခွင့်မရပါဘူး။ အသက် ၂၀ ပြည့်ပြီး ၂၁ နှစ်ထဲ ရောက်နေတဲ့ အမျိုးသားတွေသာ ဒီမိုကရာတော့စ်လုပ်ငန်းရပ်ကြီးမှာ ပါဝင်ခွင့်ရှိတယ်။ ၂၁ နှစ်အရွယ် အမျိုးသားပေါင်း လေးသောင်းရှိတာမှာ လူထုအစည်းအဝေး(တစ်နှစ်လျှင်ဆယ်ကြိမ်)ကို လူတိုင်းမတက်နိုင်လို့ လူ ၆၀၀၀ တက်ရင် အစည်းအဝေးထမြောက်ပြီလို့ လျှော့လျှော့ပေ့ါပေ့ါ သတ်မှတ်ခဲ့ရတယ်။ အဲဒီ ၆၀၀၀ ကျော်အနက် ၃၀၀၀ ကျော် (ထက်ဝက်ကျော်ရုံ)က ထောက်ခံမဲပေးရင် ဆုံးဖြတ်ချက်ချနိုင်တယ်။ လူဦးရေသုံးသိန်းရှိတဲ့ အေသင်မြို့ပြနိုင်ငံမှာ လူ ၃၀၀၀ ကျော်ရုံက ထောက်ခံရင် ဆုံးဖြတ်လို့ရပြီ။ သေသေချာချာ တွက်ကြည့်ရင် လူဦးရေ အားလုံးရဲ့ တစ်ရာခိုင်နှုန်းက အဆုံးအဖြတ်ပေးနေတဲ့စနစ်ပါ။

ဒါပေမယ့် အဲဒီအချိန်ကမ္ဘာ့လူများစုကြီးဟာ ကျေးပိုင်ကျွန်ပိုင် ဧကရာဇ်ကြီးများအောက်မှာကျွန်ဖြစ်နေရချိန် အခြားနိုင်ငံရေး၊ အုပ်ချုပ်ရေးပုံစံသစ်တွေ စမ်းသပ်ကြည့်ခဲ့ပါတယ်(ဥပမာ-နန်းလုမင်းများ၊ မှူးမတ်များရဲ့ အုပ်ချုပ်ရေးပုံစံမျိုးပါ)၊ သို့သော် ပြည်သူအတွက် ဘယ်စနစ်မှ ရေရှည်အကျိုးမရှိဘူးလို့ တွေ့လာကြရပါတယ်။ ဒါကြောင့် ဒီမိုကရာတော့စ်ခေါ် တိုက်ရိုက်ဒီမိုကရေစီကို ကျင့်သုံးတာပါ။ နိုင်ငံလုံခြုံရေး၊ ကာကွယ်ရေး၊ အခွန်ကောက်ခံရေး၊ တရားစီရင်ရေးကိစ္စရပ်များကို လူထုအစည်းအဝေးကြီးများက ဆုံးဖြတ်ပေးကြပါတယ်။ ကမ္ဘာမှာ ပြည်သူတွေကိုယ်တိုင် ကိုယ့်ကြမ္မာကိုယ်ဖန်တီးဖို့ တိုက်ရိုက်ရွေးချယ်ဆုံးဖြတ်ဆောင်ရွက်ခွင့် (ပြည်သူတွေ မိမိတို့ကောင်းကျိုးအတွက် မိမိတို့ကိုယ်တိုင် လွတ်လပ်စွာ ဆုံးဖြတ်ချမှတ် ဆောင်ရွက်ခွင့်) ရတဲ့ အတွက် အဲဒီ တိုက်ရိုက်ဒီမိုကရေစီဟာ ပြည်သူကြိုက်စနစ်တစ်ခု ဖြစ်ခဲ့ပါတယ်။

အဲဒီတိုက်ရိုက်ဒီမိုကရေစီ ကျင့်သုံးကြရာမှာ ပင်လယ်ရပ်ခြား ရွက်သင်္ဘောများနှင့်ကုန်သွယ်နေတဲ့ ကြွေးရတတ်လူတန်းစား၊ ပြည်တွင်းမှာပဲ ထုတ်လုပ်ထွက်ရှိသမျှ သီးနှံတွေ၊ ကုန်ပစ္စည်းတွေကိုဝယ်၊ လှောင်၊ ဈေးတင်ရောင်းရင်းကြွယ်ဝလာတဲ့ ကုန်သည် လူတန်းစား(လူရတတ်များ)၊ ကိုယ်တိုင်စူးထိုးစိုက်ပျိုးပြီး တကုန်းကုန်း အသက်မွေးရတဲ့ ဆင်းရဲသား လူတန်းစားတို့ဟာ အကျိုးစီးပွားချင်းမကိုက်ညီတဲ့အတွက် နောက်ပိုင်း လည်ရာစားလုပ်ကြရင်း တိုက်ရိုက်ဒီမိုကရေစီစနစ် မှေးမှိန်ပျောက်ကွယ်ခဲ့ရပါတယ်။

အင်္ဂလန်မှာ စက်မှုတော်လှန်ရေးအကျိုးဆက်အဖြစ် စက်မှုအရင်းရှင်စနစ်ထွန်းကားလာတယ်။ စက်ရုံတွေပေါ်ပါရဲ့၊ ကုန်ကြမ်း၊ လောင်စာ၊ ကုန်ချောဈေးကွက်၊ လုပ်ခသက်သာတဲ့အလုပ်သမားတွေ လိုအပ်လာပါတယ်။ တစ်ဖက်မှာ ဘုရင်တွေကလည်း အရင်းရှင်တွေကို အခွန်အကောက် ဥပဒေတွေနဲ့ဖိနှိပ်လာလို့ အင်္ဂလန်မှာ ဘူဇွာ တော်လှန်ရေးပေါ်ခဲ့ရတယ်။ နောက်ဆုံး အရင်းရှင်တွေအလိုကျ ပါလီမန် လွှတ်တော်တွေတည်ထောင်ပြီး ပါလီမန်မှာ အရွေးခံရသူတွေက ဥပဒေ ပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာရပ်ကြီးတွေ ကျင့်သုံး နိုင်ကြတယ်။ ဥရောပမှာလည်း ဒီပုံစံဖြစ်လာတယ်။ အင်္ဂလန်ပါလီမန်မှာ မဲဆန္ဒနယ်အလိုက် အရွေးခံရတဲ့ အမတ်တွေနဲ့ဖွဲ့စည်းပေမယ့် အထက် လွှတ်တော် (House of Lords ခေါ် မှူးမတ်လွှတ်တော်) က အမတ်ငါးရာကျော်ကို လူထုကမရွေးရပါဘူး။ ဘုရင်(ဘုရင်မ)က ရွေးခန့် ပါတယ်။

အင်္ဂလိပ်(ဗြိတိသျှ)လူမျိုးတွေက သူတို့ပါလီမန်စနစ်ကို ပါလီမန် ဒီမိုကရေစီစနစ်လို့ ခေါ်ကြပါတယ်။ တိုက်ရိုက်ဒီမိုကရေစီ လုပ်လို့မရ တော့ဘူး။ လူဦးရေက များလွန်းလာပြီး ၁၈ နှစ်ပြည့်ပြီးသူ အမျိုးသား၊ အမျိုးသမီး မှန်သမျှပါဝင်ခွင့်ရှိလာတဲ့အတွက် တိုက်ရိုက်ဒီမိုကရေစီအစား သွယ်ဝိုက်(ကိုယ်စားပြု) ဒီမိုကရေစီစနစ်လို့ခေါ်ပါတယ်။ တိုက်ရိုက် ဒီမိုကရေစီမလုပ်သာ၊ မလုပ်နိုင်လို့ သွယ်ဝိုက်ကိုယ်စားပြုဒီမိုကရေစီ ဆိုတာကတော့ သဘာဝကျပါတယ်။ သို့သော်လည်း အင်္ဂလိပ်အရင်းရှင် တွေဟာ ကမ္ဘာ့နိုင်ငံ တွေမှာရှိတဲ့ ကုန်ကြမ်းလောင်စာ၊ လုပ်ခသက်သာ တဲ့လုပ်အား၊ ကုန်ချောဈေးကွက်ရရှိဖို့ မတော်လောဘကြီးမားစွာနဲ့ နိုင်ငံတွေကို ကျူးကျော်ကျွန်ပြု သွေးစုပ်လာခဲ့ပါတယ်။ ကမ္ဘာမြေပြင်ရဲ့ ၇၇ ရာခိုင်နှုန်းကို တိုက်ခိုက်ကျူးကျော် ကျွန်ပြုဖို့ ဗြိတိသျှ ဒီမိုကရေစီ ပါလီမန်ကဆုံးဖြတ်ပေးခဲ့တာပါ။ ဒါ့ကြောင့်လည်း အနောက်က ဒီမို ကရေစီဆိုတာဟာ သူတို့ပိုမိုချမ်းသာအောင် လွတ်လပ်စွာကျူးကျော် တိုက်ခိုက်ခွင့်ကို ဆိုတာပါလို့ ပြောလာပါတယ်။ နယ်ချဲ့သမားတို့ရဲ့ ကျွန်စော်နံတဲ့ ဒီမိုကရေစီကို ကမ္ဘာက အော့ကြောလန်လာကြပါတယ်။

**ဒီမိုကရေစီကို နိုင်ငံအနေအထားအလိုက် ပုံစံတွေ (မူကွဲတွေ) ချမှတ်လာကြရင်း အရင်းရှင်ဒီမိုကရေစီ၊ ဆိုရှယ်လစ် ဒီမိုကရေစီ၊ ဒီမိုကရေစီသစ်၊ လမ်းညွှန်ဒီမိုကရေစီစတဲ့ ဒီမိုကရေစီပုံစံတွေ အများအပြားပေါ်လာခဲ့ရပါတယ်။ ဒီကနေ့ မြန်မာနိုင်ငံမှာစစ်မှန်ပြီး (ပြည်သူအများစုအကျိုးအတွက် ပြည်သူအများစုလိုလားသော)၊ မင်းမဲ့စရိုက်၊ အာဏာရှင်တို့ ထင်ရာစိုင်းခြင်း၊ အာဏာအတွက် နိုင်ငံတည်ငြိမ်မှုကို စတေးခြင်း တို့မှ ကင်းသော စည်းကမ်းကျနသည့် (ဥပဒေစိုးမိုးသည့်) ဒီမိုကရေစီကိုသာ မြန်မာပြည်သူတစ်ရပ်လုံးက လက်ခံထားကြပြီဖြစ်တယ်။ အမျိုးသားရေး အလေးထားပြီး ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာဝပြောစွာနေနိုင်မည့်အနေအထားမျိုးကို စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီဖြင့်သာ ရယူနိုင်မှာဖြစ်ကြောင်း မြန်မာတို့ သဘောပေါက် လက်ခံထားကြပြီ ဖြစ်တယ်။**

**ရေမြေသြဇာကောင်းပြီး သဘာဝသယံဇာတကြွယ်ဝလှသော မြန်မာနိုင်ငံတွင် ပြည်သူတို့ ညီညီညာညာ ပူးပေါင်းဆောင်ရွက်လျှင် ရွှေနိုင်ငံအဆင့် မုချရောက်နိုင်ပါတယ်။ ပြည်တွင်း၊ ပြည်ပမှ ဝိုင်းဝန်းနှောင့်ယှက်ကြသည့်ကြားမှ ပြည်တွင်းငြိမ်းချမ်းရေးရရှိခဲ့ပြီး ဘက်ပေါင်းစုံ၌ တည်ဆောက်ပြုပြင်တိုးတက် ဖြစ်ထွန်းလျက်ရှိပါတယ်။ ဒီလို အမျိုးသားရေးဝါဒထက်ကောင်းတဲ့ နိုင်ငံရေးဝါဒ၊ ဤလွတ်လပ်ခွင့်ထက် ကောင်းတဲ့ ဒီမိုကရေစီမရှိနိုင်။ သို့ဖြစ်၍ ငြိမ်းချမ်းဖွံ့ဖြိုးကြွယ်ဝမှုကို ဤဒီမိုကရေစီနည်းလမ်းဖြင့်သာ ရယူနိုင်ကြောင်း ပြည်သူတို့ သိပြီး ဖြစ်ပါတယ်။ အဲဒါကြောင့် မြန်မာတို့အတွက်စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီကိုသာ မြန်မာတို့ လိုလားတောင့်တတာဟာ အလွန်သဘာဝ ကျလှပါတယ်။**

ဒီမိုကရေစီနည်းကျ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ရာမှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ လမ်းညွှန်ချက်များကို လိုက်နာကြရတယ်။ အခြေခံဥပဒေဆိုတာ ပြည်သူတစ်ရပ်လုံး ပိုင်စိုးအပ်တဲ့ အချုပ်အခြာအာဏာရပ်ကြီး (ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတည်းဟူသော နိုင်ငံတော် အာဏာသုံးရပ်)ကို ပြည်သူ့ကိုယ်စား တိတိကျကျ အကောင် အထည် ဖော်မယ့်သူများ လိုက်နာရသည့် စည်းမျဉ်းစည်းကမ်းများပင် ဖြစ်တယ်။

အမျိုးသားညီလာခံကိုယ်စားလှယ် တစ်ထောင်ကျော်က နှစ်ရှည်လများ အချိန်ယူ၊ ဆွေးနွေးညှိနှိုင်း ချမှတ်ခဲ့တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ အခြေခံရမယ့်မူများကို ဥပဒေရေးရာကျွမ်းကျင်သူများ(နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး ကော်မရှင်အဖွဲ့ဝင် ၅၄ ဦး) က အလေးအမြတ်ပြု အခြေခံကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေမူကြမ်း ၂၀၀၈ ခုနှစ်ကို ရေးဆွဲပြီးစီးခဲ့ပြီဖြစ်တယ်။ အဖွဲ့ဝင် ၄၅ ဦး ပါဝင်တဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင်က ပြည်နယ်/တိုင်း/ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အုပ်စုကော်မရှင်ခွဲများ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များနှင့် အတူ ၂၀၀၈ခုနှစ် မေလ ၁၀ ရက်၊ မေလ ၂၄ ရက်နေ့များမှာ ဆန္ဒခံယူပွဲ ကျင်းပခဲ့တယ်။ ဆန္ဒခံယူပွဲရဲ့ တရားမျှတပြီး မှန်ကန်လွတ်လပ်တဲ့ မဲပေးပုံစနစ်ကို ပြည်သူက ယုံကြည်ခဲ့တယ်။ အခြေခံဥပဒေသစ် အတည်ဖြစ်မှသာ မြန်မာ့ဒီမိုကရေစီ တံခါးကြီးပွင့်နိုင်မည်ကို သိသဖြင့် ပြည်သူ မဲဆန္ဒရှင် ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက အခြေခံဥပဒေသစ်ကို ထောက်ခံမဲပေး အတည်ပြုပေးခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကိုကြည့်ပြီး သုံးသပ်လျှင် ပြည်သူတစ်ရပ်လုံးက စစ်မှန်ပြီးစည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီကို အမြန်ဆုံး ရယူကျင့်သုံးလိုကြကြောင်း သိနိုင်ပါတယ်။

**အမျိုးသားညီလာခံကျင်းပဆဲကာလ၊ အခြေခံဥပဒေရေးဆွဲဆဲကာလ၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပဆဲ ကာလတစ်လျှောက် ပြည်တွင်း ပြည်ပအဖျက်အင်အားစုများက ပြည်သူ့မျက်နှာ၊ ပြည်သူ့ဆန္ဒကိုပင် မထောက်ထားဘဲ ဖျက်လိုဖျက်ဆီး လုပ်နေခဲ့ကြတယ်။ မေလ ၂၄ ရက်နေ့မှာတော့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အဖျက်သမားများရဲ့ အဖျက်လုပ်ရပ်များကို နင်းချေကျော်လွှားပြီး အခြေခံဥပဒေအား တစ်ခဲနက် အတည်ပြုပေးခဲ့တယ်။ ထောက်ခံမဲ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဆိုတာ မြန်မာနိုင်ငံမှာရော ကမ္ဘာမှာပါ အမြင့်ဆုံးစံချိန် ဖြစ်ပါတယ်။**

**ပြည်သူက မြန်မာ့ဒီမိုကရေစီလမ်းကို အခုလိုခင်းပေးခဲ့ပြီဖြစ်တယ်။ ပြည်သူအများစုဆန္ဒကို လေးစားလိုက်နာခြင်းဟာ ဒီမိုကရေစီအဆန်ဆုံးဖြစ်တယ်။ ပြည်သူ့ဆန္ဒကို ကဖျက်ယဖျက်မလုပ်သင့်ကြပါ။ ပြည်သူ့ဆန္ဒကို ဆန့်ကျင်နှောင့်ယှက်ခြင်းဟာ မိမိတို့ကိုယ်မိမိတို့ပြည်သူ့ရန်သူအဖြစ် သတ်မှတ်ရာရောက်သွားမှာပါ။**

ဥပဒေပြင်ပကိုထွက်၊ နိုင်ငံတော်ကို သစ္စာဖောက်ဖျက်ပုန်ကန်ပြီး လက်နက်ကိုင်သောင်းကျန်းကြသူများ ကြီးစိုးတဲ့ မဲသရောထ ကြေညာချက်ကို ဆုပ်ကိုင်ခြင်းဟာ နိုင်ငံတော်အပေါ် သစ္စာမဲ့ရာ၊ ဥပဒေချိုးဖောက်ရာ ရောက်ပါတယ်။ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲမှာ အရွေးခံရသူများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဖို့ တာဝန်ပျက်ကွက်ခဲ့ကြတယ်။ ၁၉၉၀ပြည့်နှစ် မေလ ၂၇ရက်နေ့ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❐

**မိမိတို့ပါတီနိုင်မှ၊ အာဏာရမှုဖြစ်မယ်ဆိုတဲ့စိတ်မျိုးထားပြီး မလုပ်သင့်တာ လုပ်နေကြမယ်ဆိုရင်တော့ အာဏာကပထမ၊ ပြည်သူအကျိုးက ဒုတိယ နေရာ ရောက်သွားမှာပါပဲ။ အခု ပြည်သူက အတည်ပြုပေးလိုက်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဒီမိုကရေစီအစစ်အမှန်ကျင့်သုံးရမယ့် အခြေခံမူတွေ ပါဝင်ပြီးဖြစ်တယ်။ ပြည်သူကလဲ ဒီကနေ့ ရင့်ကျက်နေပြီ ဖြစ်တယ်။ အာဏာကို အလစ်မသုတ်ဘဲ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ပြည်သူ့ကိုယ်စား ဦးစီးဆောင်ရွက်ခွင့်ရအောင် ကြိုးစားရမယ့်အချိန်ပါပဲ။**

# ဆူးခါးပရိယတ္တိစာသင်တိုက် (ဂန္ထဝါစက) လေးထပ်ကျောင်းဆောင်တော်ကြီး ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၂၅

**ရန်ကုန်မြို့ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ကြားတောရလမ်းရှိ ဆူးခါးပရိယတ္တိစာသင်တိုက်၌ ဂန္ထဝါစက လေးထပ်ကျောင်းဆောင်တော်ကြီး ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ဇွန် ၁၈ ရက် (နယုန်လပြည့်နေ့) နံနက် ၉နာရီတွင် အဆိုပါလေးထပ်ကျောင်းဆောင်သစ်ကြီး၌ ကျင်းပသည်။**



အခမ်းအနားတွင် အလှူရှင်ဖြစ်သော အမှတ်-၃၇၊ ဝေဇယန္တာလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပနေ ကျောင်းအမကြီး ဒေါ်ကျင်အေး မိသားစုတို့က ဆူးခါးပရိယတ္တိစာသင်တိုက်ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇနိတနှင့်တကွ ကြွရောက်လာကြသော သံဃာတော် အရှင်သူမြတ် ၆၈ပါးတို့အား ဆွမ်း၊ သင်္ကန်း၊ ဝတ္ထု စသည့် လှူဖွယ်ဝတ္ထု အစုစု တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

**(အောက်ဝဲပုံ)**

အဆိုပါ လေးထပ်ကျောင်းဆောင်တော်ကြီးမှာ အကျယ် ၈၅ပေ×ပေ၄၀ ရှိပြီး ကျောင်းအမကြီး ဒေါ်ကျင်အေး၏ (၆၈)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် လှူဒါန်းခဲ့ကြခြင်းဖြစ်ပြီး ကျောင်းမုခ်ဦး၊ ခြံစည်းရိုး၊ မီးစက်နှင့် ရေသန့်စက်များကိုပါ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရောင်လေ
ဝေးဝေး
မူးယစ်ဆေး

# အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် သံအမတ်ကြီး ဦးညဏ်လင်းအား ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် ဇွန် ၂၆**

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးညဏ်လင်းအား အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

# ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ဦးဖေသန်းဦးအား ခန့်အပ်

**နေပြည်တော် ဇွန် ၂၆**

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦးအား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

# ထွန်းဖောင်ဒေးရှင်းဘဏ်၏ ပညာပေးအစီအစဉ်အဖြစ် ဆွေးနွေးပွဲ (Seminar) ကျင်းပမည်

**ရန်ကုန် ဇွန် ၂၅**

ထွန်းဖောင်ဒေးရှင်းဘဏ်၏ ပညာပေးအစီအစဉ်အဖြစ် Subprime Mortgage Crisis-An International Experience in Credit Risk Management ဘာသာရပ်ကို ဇွန် ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ် (၂) စည်ပင်လမ်းရှိ မြန်မာနိုင်ငံ ဘဏ်များအသင်း အဆောက်အအုံ၌ပထမပုဂ္ဂလိကဘဏ်ဥက္ကဋ္ဌဒေါက်တာစိန်မောင်က ဟောပြောမည်ဖြစ်ရာ မည်သူမဆို တက်ရောက်လေ့လာဆွေးနွေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၆-၆-၂၀၀၈ (ကြာသပတေးနေ့)**

နံနက်ပိုင်း

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ | ပြီးပါပြီ။ |

ညပိုင်း

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၂၀ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄း၃၀ | ၄။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၄၅ | ၅။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၄း၅၀ | ၆။ | အမျိုးသားရေး တေးကဗျာ |
| ၅း၂၀ | ၇။ | ရှင်ကြည်ပြုံးစရာတေးကဗျာ |
| ၅း၃၀ | ၈။ | မြတ်နိုးကြစေ အမျိုးသားအမွေ |
| ၅း၄၅ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၆း၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၃။ | ကာတွန်းအစီအစဉ် ကျားကလေးရဲ့မွေးရပ်မြေ (အပိုင်း-၇) |
| ၆း၄၅ | ၁၄။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇း၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဒိုးဒိုးဒေါက်ဒေါက် ဘုန်နဲ့ဘောက် အပိုင်း(၁၂) |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြား သတင်း |
| | ၁၇။ | မိုးလေဝသသတင်း |
| | ၁၈။ | အမျိုးသားရေး တေးကဗျာ |
| | ၁၉။ | ကုန်သွယ်သုတ |
| | ၂၀။ | မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| | ၂၁။ | ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင် |
| | ၂၂။ | ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ဆန့်ကျင်ဘက်နှလုံးသား အပိုင်း(၂၁) |
| | ၂၃။ | သင့်အတွက်မနက်ဖြန် |
| | ၂၄။ | အပိတ်နှုတ်ဆက်စကား |
| | ၂၅။ | ပြီးပါပြီ။ |

❐ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ရလဒ်ဟာ ယခုဆိုလျှင် ၁၈နှစ်ကျော် ၁၉နှစ်အတွင်း ရောက်လာပြီ။ အဲဒီတုန်းက ပြည်သူမဲပေးရွေးလိုက်တဲ့ Mandate ဟာ ၁၉၉၄ခုနှစ်မှာပဲ ကုန်ခဲ့ပြီဖြစ်တယ်။ **ရှင်ပြုတုန်းက ရွှေထီးဆောင်းခဲ့ရတာကို ပြန်လွမ်းမနေကြပါနဲ့တော့။ ၂၀၁၀ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲမှာ ပြည်သူ့အဆုံးအဖြတ် ရဲရဲယူကြပါ။ ဒါမှလည်း ဒီမိုကရေစီအစိုးရ ဖြစ်လာမှာပါ။ ပြည်ပကနယ်ချဲ့မီဒီယာအားကိုးနဲ့ပြည်သူ့ဆီက အာဏာကိုမားပြတိုက်၊ အနုကြမ်းစီးယူလို့မရနိုင်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် ဒီမိုကရေစီဝါဒီလို့ လက်မ ထောင်ချင်ရင် အခြေခံဥပဒေနည်းကျ ဒီမိုကရေစီလမ်းပေါ် တက်လျှောက်ပြပါ။**

၁၉၄၈ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့ပြီးနောက် အာဏာရ ဖဆပလဟာ ဒီမိုကရေစီကို ဖော်ဆောင်နိုင်ခြင်းမရှိခဲ့ဘဲ မိမိတို့ဖဆပလ အာဏာနှစ် ၄၀ တည်တံ့ရေး ကြွေးကြော်ပြီး ဒီမိုကရေစီမဆန်တဲ့ ဖိနှိပ်မှုတွေလုပ်ခဲ့လို့ ပြည်တွင်းရောင်စုံသောင်းကျန်းမှုကြီး ပေါ်ခဲ့ရတယ်။ ပြည်သူတွေဟာ အဲဒီဒဏ်ကို ဆယ်စုနှစ်လေးခုကျော်ကျော် ခံစားခဲ့ကြရတယ်။ ပြည်သူတွေဟာ ဖဆပလရဲ့ အာဏာသက်ရှည်ရေး အဓိကထားတဲ့ ပါလီမန်ဒီမိုကရေစီကို မနှစ်မြို့ခဲ့ကြပါဘူး။ ဒါကြောင့်လည်း လမ်းစဉ်ပါတီခေတ်မှာ ဆိုရှယ်လစ်ဒီမိုကရေစီကို တက်တက်ကြွကြွ ထောက်ခံခဲ့ကြတာပါ။ (၁၉၇၄ခုနှစ် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် အခြေခံတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၉၀ ဒသမ ၁၉ ရာခိုင်နှုန်း ထောက်ခံမဲပေးအတည်ပြုခဲ့ကြတာပါ။) လက်တွေ့မှာ ဆိုရှယ်လစ် စီးပွားရေးစနစ်က ပြည်သူတို့ကို အဆင့်အတန်းမြင့်တဲ့ လူနေမှုဘဝ မပေးနိုင်ခဲ့ပါဘူး။ ၁၉၈၈ခုနှစ်မှာ မြေပေါ်၊ မြေအောက်၊ ပြည်တွင်း၊ ပြည်ပ၊ လက်ဝဲလက်ယာပယောဂစုံနဲ့ ဆူပူမှုဖြစ်ခဲ့တယ်။ အဲဒီလို ဆူပူကြတဲ့မင်းမဲ့ဝါဒီတွေ၊ အာဏာရရေးအတွက်သာ ရှေးရှုသူတွေက ပါတီစုံ ဒီမိုကရေစီဆိုပြီး အော်ဟစ်တောင်းဆိုခဲ့ကြတယ်။

အဲဒီမင်းမဲ့စရိုက်လွှမ်းခဲ့တဲ့ ၁၉၈၈ခုနှစ် ဆူပူမှုက ပြည်ထောင်စု ပြိုကွဲပြီး လွတ်လပ်ရေးပြန်လည်ဆုံးရှုံးလုဆဲဆဲအခြေအနေ ဆိုက်လာခဲ့တဲ့အတွက် တပ်မတော်က နိုင်ငံတော်ကို ဝင်ထိန်းပေးခဲ့ရပြန်တယ်။ တပ်မတော်ကနိုင်ငံတာဝန်ယူပြီး မရှေးမနှောင်းမှာပဲ နိုင်ငံရေးပါတီများ ဖွဲ့စည်းခွင့်ပြုခဲ့ပါတယ်။ ၁၉၈၈ခုနှစ်မှာအာဏာရလမ်းစဉ်ပါတီအစိုးရကို တူညီစွာဆန့်ကျင်ပြီး ပါတီစုံဒီမိုကရေစီကို တူညီစွာ (တစ်သံတည်း) ကြွေးကြော်တောင်းဆိုခဲ့ကြသူတွေဟာ ပါတီပေါင်း ၂၃၅ခု မှတ်ပုံတင်ဖွဲ့စည်းခဲ့ကြတယ်။ ဒီမိုကရေစီတစ်သံတည်းထွက်ပြီးမှ ၂၃၅ပါတီကွဲထွက်သွားတာဟာ ၁၉၈၈ခုနှစ်ဆူပူမှုက မွေးဖွားပေးတဲ့ သရုပ်မမှန်တဲ့ ဒီမိုကရေစီကို ဖော်ပြရာရောက်ခဲ့ပါတယ်။

အဲဒီ ၂၃၅ပါတီဟာ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲဝင်တော့ ၉၃ပါတီပဲ ကျန်တော့တယ်။ရွေးကောက်ပွဲမှာအမတ်(ကိုယ်စားလှယ်)တစ်ယောက်တစ်လေမှ အရွေးမခံရတဲ့ပါတီတွေဟာလဲ သူ့သဘောသူဆောင်ပြီး ပျက်သွားကြတယ်။ ဒီနေ့တရားဝင်ရပ်တည်ဆဲပါတီ ၁၀ခုပဲ ကျန်ပါတော့တယ်။

အမေရိကန်မှာ ရီပတ်ဘလီကင်ပါတီနဲ့ ဒီမိုကရက်တစ်ပါတီနှစ်ခုသာ အခိုင်အမာရပ်တည်နိုင်ကြတယ်။ ပါတီငယ်အချို့ရှိပေမယ့် လူမသိတဲ့ ပါတီတွေဖြစ်နေရတယ်။ ဗြိတိန်မှာတော့ လေဘာပါတီ၊ ကွန်ဆာဗေးတစ်ပါတီတို့ကထင်ရှားပြီး လစ်ဘရယ်ပါတီက အရွေးခံ၊ အာဏာရတဲ့အဆင့် မရောက်ပါဘူး။ "မြန်မာပြည်ပါတီတွေကများ၊ စလယ်ဝင်ဖင်မည်းခင်ကွဲကြတာပါကလား"လို့ စာချိုးလောက်ပါတယ်။ ပါတီတွေ၊ ဝါဒတွေ၊ မူကွဲ၊ လူကွဲတွေ များလွန်းနေမှတော့ ဒီမိုကရေစီကို သရုပ်မှန်မှန် ဖော်ဆောင်နိုင်ကြပါတော့မလား။ ပါတီကို အာဏာရရေး ယန္တရားအဖြစ် အဓိကထားပြီး ပြည်သူ့အကျိုးစီးပွား သွေဖည်နေခဲ့ကြလို့ အချင်းချင်း လက်နက်ကိုင် တိုက်ခိုက်သတ်ဖြတ်ပြီး အာဏာလုနေခဲ့ကြတာလဲ မြင်မကောင်း ရှုမကောင်းပါပဲ။

**အာဏာကို ရှေ့တန်းတင်လွန်းတဲ့အတွက် ပါတီချင်း၊ ဝါဒကွဲချင်း ရန်သူလိုသဘောထားပြီး တိုက်ခိုက်နေကြတာ၊ လူသတ်သည်အထိ (မင်းလှကိုးလောင်းပြိုင်၊ ငါန်းဇွန်ခြောက်လောင်းပြိုင်၊ မြိတ်ဆီတောင်အိုင်ရှာနဲ့ ပခုက္ကူဆင်စွယ်ရှာ လူအစုအပြုံလိုက်သတ်မှု၊ နောက်ပိုင်းရွက်ဆစ်တို့ ဘိန်းသောင်းကျန်းသူတွေရဲ့ လူအစုအပြုံလိုက်သတ်မှု စသည်များ) ကျူးလွန်ကြပြီးမှ ပြည်သူ့အတွက် ပြည်သူ့ပါတီဟု ပြောလိုပြော၊ ဒီမိုကရေစီပါတီပြောလိုပြော လုပ်နေကြလျှင် ပြည်သူနှင့် ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်တော့မှာပါပဲ။**

**ပါတီနိုင်ငံရေးသမိုင်းကြောင်းအရ ပါတီဟူသည် ပြည်သူ့အကျိုးစီးပွားကို မိမိတို့က ရိုးဖြောင့်သစ္စာရှိစွာ သယ်ပိုးပေးရန် ရည်ရွယ်တည်ထောင်ခဲ့ကြခြင်းဖြစ်တယ်။ ရွေးကောက်ပွဲများမှာ အနိုင်ရသွားတဲ့ ပါတီက အစိုးရဖွဲ့ဆောင်ရွက်မယ်။ ကျန်ပါတီ(အာဏာမဲ့)များက အာဏာရပါတီရဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းမှန်သမျှ ထောက်ခံကာ ပူးပေါင်းဆောင်ရွက်ပေးကြရမယ်။ အာဏာရပါတီရဲ့ လုပ်ရပ်မှားများကို ဒီမိုကရေစီနည်းကျ ထောက်ပြမယ်။ အကြံပေးမယ်။ တိုက်တွန်းမယ်။ ကန့်ကွက်သင့်က ကန့်ကွက်မယ်။ အဲဒီလိုထောက်ခံခြင်း၊ ကန့်ကွက်ခြင်းဟာ မိမိတို့ပါတီရဲ့ ကောင်းကျိုး၊ ပါတီအာဏာရရေး သက်သက်မဖြစ်စေရပါ။ ဤမျှ ရင့်ကျက်၍ ပြည်သူကို ဦးထိပ်ထားသော ပါတီစုံစနစ်မျိုးသာ စစ်မှန်တဲ့ပါတီစုံစနစ်ဖြစ်မယ်။ ပြည်သူကျေနပ်နှစ်ခြိုက်မှု ရရှိမယ်။ ဤသို့ မလိုက်နာ၊ မကျင့်သုံးနိုင်သမျှ ဒီမိုကရေစီနှင့် အလှမ်းဝေးနေမှာပါပဲ။**

**ပါတီများထောင်ကြ။ မိမိတို့ ပါတီရဲ့ဝါဒ၊ လမ်းစဉ်၊ စနစ်များ ပြည်သူ့ထံချပြပြီး ရွေးကောက်ပွဲများ၌ မိမိတို့ပါတီအား ပြည်သူက မဲပေးရွေးချယ်၊ အာဏာအပ်အောင်လုပ်ကြခြင်းဟာ အစဉ်အလာထုံးစံပါပဲ။ ဒါပေမယ့်မိမိတို့ပါတီနိုင်မှ၊ အာဏာရမှဖြစ်မယ်ဆိုတဲ့စိတ်မျိုးထားပြီး မလုပ်သင့်တာ လုပ်နေကြမယ်ဆိုရင်တော့ အာဏာကပထမ၊ ပြည်သူ့အကျိုးက ဒုတိယနေရာရောက်သွားမှာပါပဲ။ အခု ပြည်သူက အတည်ပြုပေးလိုက်တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဒီမိုကရေစီ အစစ်အမှန်ကျင့်သုံးရမယ့် အခြေခံမူတွေ ပါဝင်ပြီးဖြစ်တယ်။ ပြည်သူကလဲ ဒီကနေ့ရင့်ကျက်နေပြီဖြစ်တယ်။ အာဏာကိုအလစ်မသုတ်ဘဲ ဒီမိုကရေစီ ကျင့်စဉ်နဲ့အညီ ပြည်သူ့ကိုယ်စား ဦးစီးဆောင်ရွက်ခွင့်ရအောင် ကြိုးစားရမယ့်အချိန်ပါပဲ။**

အာဏာရရေးအဓိက လုပ်ရပ်ဟာ ဒီမိုကရေစီမဟုတ်သလို နယ်ချဲ့နိုင်ငံတွေက တင်ပို့ပေးတဲ့ ကျွန်စော်နံ စွက်ဖက်ရေးလုပ်ရပ်ဟာလည်း ဒီမိုကရေစီမဟုတ်ပါဘူး။ စည်းကမ်းတကျ၊ ဥပဒေနဲ့အညီ၊ ပြည်သူအများစုဆန္ဒနဲ့အညီ ပြည်သူ့အကျိုး ဖော်ဆောင်ပေးခြင်းသာလျှင် မြန်မာ့ဒီမိုကရေစီဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ကမ္ဘာကျော် ပြဇာတ်ရေးဆရာကြီး ဘားနဒ်ရှောက ဒီမိုကရေစီဆိုတာ ဘာမျှမသိတဲ့ လူများက ကိုယ်ကျိုးရှာ အကျင့်ပျက်လူနည်းစုအတွက် ရွေးကောက်ပေးလိုက်တဲ့ ရွေးကောက်ပွဲမျိုး မဟုတ်ပါဘူး (Democracy is not the election by the ignorants for the corrupted few) လို့ ဆိုခဲ့ပါတယ်။ ဒီမိုကရေစီအစစ်ဆိုတာဟာ ဘားနဒ်ရှော ငေါ့တော့တော့ ပြောသွားခဲ့သလို ဝေလေလေ ရွေးကောက်ပွဲမဟုတ်ကြောင်း သိသင့်ကြပါတယ်။ ။

# ၂၀၀၈ခုနှစ် ဇူလိုင်(၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလှူဒါန်း

ရန်ကုန် ဇွန် ၂၅

၂၀၀၈ခုနှစ် ဇူလိုင်(၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသည့် လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။




**မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းထံ ၂၀၀၈ခုနှစ် ဇူလိုင် (၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၀၈ခုနှစ် ဇူလိုင်(၃)ရက် မြန်မာအမျိုးသမီးများနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကငွေကျပ်၁၀သိန်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ငွေကျပ် ငါးသိန်း၊ အမျိုးသမီးများလူမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့က ငွေကျပ် ငါးသိန်း၊ ဦးနော်အောင် မိသားစု အောင်ချမ်းသာပုံနှိပ်လုပ်ငန်းက ငွေကျပ်သိန်း ၂၀၊ ဦးမျိုးမင်းမင်းစိုး-သီရိသုဓမ္မသိင်္ဂီ ဒေါ်အိကေသွယ်မင်း (Elite Geonet Co., Ltd) က ငွေကျပ် ငါးသိန်း၊ ဦးမြတ်သင်းအောင် - အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်မြင့်မြင့် (လူမှုထူးချွန်ပထမအဆင့်) (A.A Group of Company) က ငွေကျပ် ငါးသိန်း၊ ဦးဇော်မိုးခိုင်-ဒေါက်တာစောနေနွယ် (A.A Medical Products Co., Ltd.) က ငွေကျပ် ၁၀သိန်း၊ ဦးထွန်းမြင့် - ဒေါ်အေးအေးညွန့် KSSနတ်သုဒ္ဓါဒိပေါက်က ငွေကျပ်ငါးသိန်း၊ဦးအောင်သန်းမြင့်-ဒေါ်ယုယုဝင်းက ငွေကျပ်ငါးသိန်း၊ ဗိုလ်မှူးချုပ်စည်သူတင်ဖေ-ဒေါ်သိန်းဆိုင် (စာရေးဆရာမကြီး မမြတ်လေး) မိသားစုကငွေကျပ်တစ်သိန်း၊ ဦးလှဌေး-ဒေါ်တင်နွယ်ဦး (မှန်ချိုဆေးတိုက်)က ငွေကျပ် တစ်သိန်းငါးသောင်း၊ ဦးဇော်မင်း-ဒေါ်တင်မြင့် အမှတ် ၃၀ အင်းယားမြိုင်လမ်း (Sony VA 70 Laptop, md: VGN - SZ 680 SV. 300148) က ငွေကျပ်သိန်း၂၀ နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ်သိန်း ၃၀၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ငွေကျပ်ငါးသိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က ငွေကျပ်သုံးသိန်းစီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာန၊နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီး ဌာနနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့က ငွေကျပ် တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌဒေါ်ခင်သက်ဌေးတို့ကလက်ခံကြသည်။

ထို့နောက် ဥက္ကဋ္ဌဒေါ်ခင်ခင်ဝင်းက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ ဝန်ကြီးဌာနများနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့က ငွေကျပ် ၅၄သိန်းနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အပါအဝင် အလှူရှင် ၁၂ဦးတို့က Sony Laptop တစ်လုံး၏ တန်ဖိုးအပါအဝင် ငွေပေါင်းကျပ်၉၂၅၀၀၀၀ စုစုပေါင်းငွေကျပ် ၁၄၆၅၀၀၀၀ တို့ကို လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

### ၂၆-၆-၂၀၀၈ (ကြာသပတေးနေ့)

**AM & PM**

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "ပဋ္ဌာန်းပါဠိတော်" အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ (ရွှေလင်းယုန်ဆရာတော်) |
| ၈း၀၀ - ၂း၀၀ | နိဗ္ဗာန်ဆီသို့---အမေးအဖြေများ |
| ၈း၂၀ - ၂း၂၀ | တေးဂီတအစီအစဉ် |
| ၈း၂၅ - ၂း၂၅ | ပြည်တွင်းအနုပညာရေးရာ |
| ၈း၅၀ - ၂း၅၀ | ပထမအကြိမ် မူးယစ်ဆေးဝါးဆန့်ကျင်ရေး ကျပန်းစကားပြောပြိုင်ပွဲ |
| ၉း၀၅ - ၃း၀၅ | တေးဂီတအစီအစဉ် |
| ၉း၁၀ - ၃း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀ - ၃း၂၀ | Hotel Guide (Summit Park View Hotel) |
| ၉း၅၀ - ၃း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၅ - ၃း၅၅ | ကလေးများအတွက် စိတ်ဝင်စားဖွယ်ရာ "Internet Games" ကမ္ဘာ |
| ၁၀း၂၅ - ၄း၂၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၃၀ - ၄း၃၀ | ကျန်းမာရေးအတွက် သန့်(၄)သန့်(အပိုင်း-၃) |
| ၁၀း၄၅ - ၄း၄၅ | တေးဂီတအစီအစဉ် |
| ၁၀း၅၀ - ၄း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၀ - ၅း၀၀ | သာယာချိုအေး(၃၈)ဖြာမင်္ဂလာတေး (ဒုစရိုက်တရား မြဲရှောင်ရှား) |
| ၁၁း၁၀ - ၅း၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၁၅ - ၅း၁၅ | ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (Designer Ohn Mar Kyaw) |
| ၁၁း၄၅ - ၅း၄၅ | တေးဂီတအစီအစဉ် |
| ၁၁း၅၀ - ၅း၅၀ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "မျက်တော်ပြေ" |
| ၁၂း၂၀ - ၆း၂၀ | သဘာဝကပေးတဲ့အကျိုးအာနိသင် |
| ၁၂း၄၀ - ၆း၄၀ | **အမွှန်မြတ်ဆုံးလက်ဆောင် (နေရဲလင်း၊ နှင်းဥ၊ မေနှံ့သာခင်၊ စောနိုင်(ရှမ်းပြည်)၊ ဒေါ်တင်တင်လှ) (ဒါရိုက်တာ-မောင်မောင်မြင့်)** |
| ၁၂း၅၅ - ၆း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာအမျိုးသမီးများနေ့

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2008

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူးနှင့် အဖွဲ့ဝင်များ လေဘေးသင့်ကျောင်းများနှင့် ဝိသာခါ သီလရှင်အမျိုးသမီး ပညာသင်ကျောင်းသို့ အလှူငွေနှင့် ကျောင်းသုံးပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇွန် ၂၅

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ ပြန်ကြားရေးရာအဖွဲ့ဝင် ဒေသစည်းရုံးရေးမှူး(ကချင်ပြည်နယ်)ဒေါ်ဝေဝေနှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ လေဘေးသင့်ကျောင်းများနှင့် ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဝိသာခါ သီလရှင်အမျိုးသမီး ပညာသင်ကျောင်းတို့သို့သွားရောက်၍ ကျောင်းသုံးပစ္စည်းနှင့် ဆန်၊ဆီ၊အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။**

ရှေးဦးစွာမြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့ဝင်များသည် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအတွက် အလှူငွေ ကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးသန်းတင်နှင့်




**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ ပြန်ကြားရေးရာအဖွဲ့ဝင် ဒေသစည်းရုံးရေးမှူး (ကချင်ပြည်နယ်) ဒေါ်ဝေဝေနှင့် အဖွဲ့ဝင်များ လှိုင်သာယာမြို့နယ် အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်၊ခဲတံ၊ ခဲဖျက်နှင့် ပေတံများ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ကျင်ကောတို့က လက်ခံသည်။

ယင်းနောက် ပြန်ကြားရေးရာဌာနကြီးမှူးနှင့် အဖွဲ့ဝင်များသည် ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်၊ခဲတံ၊ ခဲဖျက်နှင့် ပေတံတို့ကို အတန်းလိုက် ကျောင်းသား၊ ကျောင်းသူ ကိုယ်စားလှယ်များအားလက်ရောက်ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြန်ကြားရေးရာဌာနကြီးမှူးနှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ်ရှိ အမှတ်(၄၁) အခြေခံပညာ မူလတန်းကျောင်းသို့ သွားရောက်၍ အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ လက်ထောက်ပညာရေးမှူး ဦးမြတ်ဝေနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်ဝင်းတို့က လက်ခံပြီး အဖွဲ့ဝင်များသည် ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်၊ခဲတံ၊ခဲဖျက်နှင့် ပေတံတို့ကို အတန်းလိုက် ကျောင်းသား၊ကျောင်းသူ ကိုယ်စားလှယ်များအား လက်ရောက်ပေးအပ်လှူဒါန်းကြသည်။

ထို့နောက်မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ ပြန်ကြားရေးရာ အဖွဲ့ဝင် ဒေသစည်းရုံးရေးမှူး (ကချင်ပြည်နယ်) ဒေါ်ဝေဝေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ဝိသာခါ သီလရှင် အမျိုးသမီး ပညာသင်ကျောင်းသို့ သွားရောက်ပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက အလှူငွေကျပ်တစ်သိန်းခွဲနှင့် ဗလာစာအုပ်ဒါဇင် ၁၀၀ နှင့် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် မိသားစုက ဆွမ်းဆန်တစ်အိတ်နှင့် ဆီခုနစ်ပိဿာတို့ကို ကျောင်းအုပ်ချုပ်သူ သီလရှင်ဆရာကြီး သဒ္ဓမ္မဇောတိကဓဇ ဒေါ်ကိဿရထေရီနှင့် ဓမ္မာစရိယ ဒေါ်ဇေယျာနန္ဒီတို့ထံဆက်ကပ်လှူဒါန်းကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးကယနေ့လှူဒါန်းသော လှူဒါန်းငွေ စုစုပေါင်းမှာငွေကျပ်သုံးသိန်းခွဲ၊ ဗလာစာအုပ်ဒါဇင် ၃၀၀နှင့် စာရေးကိရိယာများဖြစ်သည်။(သတင်းစဉ်)

○ ရွှေဖုံးမှ

ပျက်စီးသွားခဲ့သည့်ဆိပ်ခံဖောတံတားများအနက် ခြောက်စင်းကို ပြင်ဆင်တပ်ဆင်ပြီးစီးမှုနှင့် နှစ်စင်းကို ဆယ်ယူဖယ်ရှားပြီးစီးမှု၊ ရန်ကုန်မြစ်နှင့် ပဲခူးမြစ်အတွင်း နစ်မြုပ်သွားခဲ့သော ရေယာဉ်များနှင့် သောင်တင်သွားသော ရေယာဉ်များအနက် ၇၃ စင်းအား ဖော်ယူဆောင်ရွက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာမန်း အထွေထွေရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးတီတိုးနှင့် ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးမှ ငါးဒိုင်လုပ်ငန်းရှင်များက ငါးဖမ်းသင်္ဘောများ လုပ်ငန်းခွင်ဝင်ရောက်နေမှု၊ မြစ်ဝကျွန်းပေါ်မှ ရေချိုငါးများ ပုံမှန်အတိုင်း တစ်ရက်လျှင် တန်ချိန် တစ်သိန်းခွဲ ဝင်ရောက်လာမှု၊ မုန်တိုင်းဒဏ်သင့်ဒေသများ ဖြစ်ကြသော ဧရာဝတီတိုင်း လပွတ္တာနှင့် ဘိုကလေးမြို့တို့မှ မြစ်ချောင်းအင်းအိုင်ရေချိုငါးများ ဝင်ရောက်မှု၊ ပုစွန်တုပ်၊ ပုစွန်ပြောင်တုပ်၊ ပုစွန်ဘော့ချိတ်များ ဝင်ရောက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လုပ်ငန်းဆိုင်ရာများနှင့် သိရှိလိုသည်များကို မေးမြန်းပြီး ကုန်စည်များ သွက်လက်မှန်ကန်စွာ စီးဆင်းနိုင်ရေးအတွက် ပြုပြင်ရန် ကျန်ရှိနေသော ဆိပ်ခံဖောတံတားများကို အမြန်ဆုံး ပြီးစီးနိုင်ရေးအတွက် တာဝန်ရှိသူများက အချိန်ပြည့် ဆောင်ရွက်သွားကြရေးတို့နှင့် စပ်လျဉ်း၍မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ကြည့်မြင်တိုင်မြို့နယ်ရှိ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏ အမှတ်(၅) ဆိပ်ခံဖောတံတား ပြန်လည်တပ်ဆင်ရန် စီစဉ်ထားရှိမှု၊ အမှတ်(၃) ဆိပ်ခံဖောတံတား ပြင်ဆင်ပြီးစီးမှု၊ ငါးဖမ်းရေယာဉ်များဖြင့် မြစ်ဝကျွန်းပေါ်ရှိ ရေချိုငါးများ ဝင်ရောက်လာမှု၊ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးဆိပ်ခံဖောတံတား ပြင်ဆင်ပြီးစီးမှု၊ မြစ်ဝကျွန်းပေါ်မှ ရန်ကုန်မြို့သို့ ရေယာဉ်များဖြင့် ဆန်နှင့်ကုန်စည်များဝင်ရောက်မှု၊ ဆိပ်ကမ်းမြို့နယ်ရှိ ဝါးတန်း ဆိပ်ခံဖောတံတား၌ ပေ ၁၂၀ ရှိ ဆိပ်ခံဖောတံတားအသစ်အစားထိုးပြင်ဆင်ထားရှိမှုနှင့် အမှတ်(၁) လှည်းတန်းဖောတံတား ပြင်ဆင် ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မြန်မာ့ဆိပ်ကမ်း အာဏာပိုင်က မုန်တိုင်းဒဏ်ကြောင့် ရန်ကုန်မြစ်အတွင်း ပျက်စီးသွားခဲ့သော ဆိပ်ခံဖောတံတားများကိုအမြန်ဆုံးပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ကြည့်မြင်တိုင် ဈေးကြီး ဆိပ်ခံဖောတံတား၊ ဝါးတန်း အမှတ်(၆) ဆိပ်ခံဖောတံတား၊ လှည်းတန်း အမှတ်(၁)နှင့် အမှတ်(၂) ဆိပ်ခံဖောတံတား၊ ဒလခရီးသည် ဖောတံတားနှင့် မင်းရဲကျော်သူ ဆိပ်ခံဖောတံတားများကို ပြန်လည်ပြင်ဆင်တပ်ဆင်ပြီးဖြစ်သည်။ ကျန်ရှိနေသေးသော ဆိပ်ခံဖောတံတားများကိုလည်း အမြန်ဆုံး ပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

# လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း တရားမဝင် ဘိန်းစိုက်ပျိုးမှု ဟက်တာ ၁၄၀၀၀၀ မှ ၂၀၀၇ ခုနှစ်တွင် ဟက်တာ ၂၇၇၀၀ သို့ သိသိသာသာကျဆင်း နိုင်ငံဖြတ်ကျော်ဂိုဏ်းဖွဲ့၍ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးတရားစွဲဆိုနိုင်

နေပြည်တော် ဇွန် ၂၆

**၂၀၀၈ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးအထိမ်းအမှတ်နေ့အတွက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သော သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

ယနေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ဖြစ်သည်နှင့်အညီ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပလျက်ရှိနေကြမည်ဖြစ်ပါသည်။ ထိုနည်းတူ မိမိတို့နိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်၊တိုင်းအသီးသီးတွင်လည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားများကို တူညီသော ရည်မှန်းချက်ဖြင့် လှုပ်ရှားဆောင်ရွက်နေကြလိမ့်မည်ဟု ယုံကြည်ပါသည်။

ဒီနှစ်မှာကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ရဲ့ ဦးတည်ချက်နှင့် ပတ်သက်ပြီး ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) မှ ချမှတ်ပေးလိုက်သော ၂၀၀၈ ခုနှစ်ဆောင်ပုဒ်မှာ **"မူးယစ်ဆေးလွှမ်းမိုးစိုးမိုးနေရင် မင်းဘဝ၊ မင်းမိသားစု၊ မင်းပတ်ဝန်းကျင် မလုံခြုံပါ။"** " No individual, family or community is safe where illicit drugs take control." ဟူ၍ ဖြစ်ပါသည်။

အဆိုပါဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ မည်သည့်ပတ်ဝန်းကျင် လူနေမှုဘဝမျိုးမဆိုနှင့် မိသားစုများတွင် မူးယစ်ဆေးဝါး ထိုးဖောက်ဝင်ရောက်လျှင် ၎င်း၏အန္တရာယ်သည် လုံခြုံစိတ်ချရသောအခြေအနေကို ပျက်ပြားစေပြီး ဒုက္ခအမျိုးမျိုးနှင့် သောကတွေပင်လယ်ဝေသည်ကို ဖော်ညွှန်းပါသည်။ မူးယစ်ဆေးဝါးကို စွဲလမ်းစွာသုံးစွဲပါက မူးယစ်ဆေးဝါးအန္တရာယ်ကြောင့် အတောမသတ်နိုင်သည့် ဘေးဒုက္ခအဖုံဖုံနှင့် ရောဂါအန္တရာယ်ဆိုးကြီးဖြစ်သည့် HIV/AIDS ရောဂါ စတာတွေဖြစ်ပွားပြီး လူငယ်များဘဝဟာ ပန်းတိုင်မရောက်ခင် ပျက်စီးဆုံးရှုံးသွားရတာ များပါသည်။ ထို့ကြောင့် လူငယ်များဘဝအတွင်းမှာရော လူသားအားလုံးရဲ့ ဘဝပတ်ဝန်းကျင်တစ်ခုလုံးမှာပါ မူးယစ်ဆေးဝါးဆိုတဲ့ အန္တရာယ်ဆိုးကြီး ဝင်ရောက်မလာနိုင်ရန် ပြည်သူလူထုတစ်ရပ်လုံး ညီညွတ်စွာ ပူးပေါင်းပါဝင်ကာကွယ်တွန်းလှန် ဖြိုဖျက်ပစ်ရမှာဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပြဿနာများကို ခေတ်အဆက်ဆက် အစိုးရများမှ မိမိနိုင်ငံ၏ ကိုယ်ပိုင်စွမ်းအား အရင်းအမြစ်များနှင့် ဖြေရှင်းကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် (၁၅)နှစ်စီမံကိန်းရေးဆွဲပြီး ၁၉၉၉-၂၀၀၀ ပြည့်နှစ်မှ စတင်အကောင်အထည်ဖော်လျက်ရှိရာ ယခုအခါ ဒုတိယ(၅)နှစ်စီမံကိန်း၏ စတုတ္ထနှစ်သို့ပင်ရောက်ရှိပြီး စီမံကိန်းကာလရည်မှန်းချက်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ပြင် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂ ရက်မှစ၍ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းပြီး ကျေးလက်ဒေသများပါမကျန် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဖွဲ့များအနေဖြင့် မိမိတို့ဒေသအသီးသီးတွင် မူးယစ်ဆေးဝါး စမ်းသပ်အလွဲသုံးမိသဖြင့် ဆေးစွဲသူဘဝ ရောက်ရှိနေသူများအား မူးယစ်ဆေးလွှမ်းမိုးမှုမှ ကင်းဝေးရန်နှင့် ဘဝတစ်သက်တာ မူးယစ်ကင်းစင်သည့်ဘဝ ပြန်လည်ရောက်ရှိအောင် ပညာပေးပြုစုကုသရေး ဆောင်ရွက်ပေးကြရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

ထို့ပြင် မူးယစ်ဆေးဝါး ကင်းစင်လုံခြုံတဲ့ ပတ်ဝန်းကျင်ဖြစ်စေရန် ရည်ရွယ်ပြီး မူးယစ်ဗဟိုအဖွဲ့၏ လုပ်ငန်းအဖွဲ့များဖြစ်သည့် မွေးမြူရေးလုပ်ငန်းအဖွဲ့၊ အစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းအဖွဲ့၊ ဆေးကုသရေးလုပ်ငန်းအဖွဲ့၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၊ ကျောင်းသားလူငယ်များ အသိပညာပေးရေး လုပ်ငန်းအဖွဲ့နှင့် ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းအဖွဲ့ အသီးသီးမှလည်း စီမံချက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းစင်ရေးအတွက် သက်ဆိုင်ရာဆရာ၊ ဆရာမများမှ ပညာပေးဆွေးနွေးခြင်း၊ စာပေ၊ ဂီတ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ စသည့် ပြိုင်ပွဲများတွင် ကျောင်းသားလူငယ်များအား အဓိကပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှု ကာကွယ်ပညာပေးရေးကို များစွာအထောက်အကူပြုစေခဲ့ပါသည်။

အဆိုပါ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ကျန်းမာရေးဦးစီးဌာနမှ ဆေးကုဌာနကြီး (၂၆)ခုနှင့် ဆေးကုဌာနငယ်(၄၀)ဖြင့် မူးယစ်ဆေးစွဲသူများအား ဆေးကုသပေးလျက်ရှိပါသည်။ ဆေးကုသမှု ခံယူပြီးနောက် ပြန်လည်ထူထောင်ရေးစခန်း ခုနစ်ခုကို ပြည်နယ်၊တိုင်းများတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပြီး မူးယစ်ဗဟိုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရွှေပြည်သာ၊ ရွှေပြည်အေး၊ ရွှေပြည်သစ် လူငယ်ပြုစုပျိုးထောင်ရေးစခန်းသုံးခုကို ဖွင့်လှစ်ပြီး မူးယစ်ဆေးစွဲသူများ ဆေးကုသပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

မူးယစ်ဆေးဝါး ကင်းစင်ပပျောက်စေရန် ကြိုးပမ်းမှု၏ ရလဒ်တစ်ခုသည် လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း တရားမဝင် ဘိန်းစိုက်ပျိုးမှုသည် ဟက်တာ ၁၄၀၀၀၀ မှ ၂၀၀၇ခုနှစ်တွင် ဟက်တာ၂၇၇၀၀ အထိ သိသိသာသာ ကျဆင်းသွားကာ ကမ္ဘာက ချီးကျူးအသိအမှတ်ပြုခဲ့ရပါသည်။

ပြည်နယ်၊တိုင်းများအလိုက် မူးယစ်ဆေးဝါးသုံးစွဲသူများ အခြေခံစာရင်း ကောက်ယူရေးလုပ်ငန်းအရ ၂၀၀၅ ခုနှစ်တွင် မူးယစ်ဆေးသုံးစွဲသူ ၆၁၄၅၅ ဦးရှိရာမှ ၂၀၀၈ခုနှစ် ဇန်နဝါရီလထိ စာရင်းကောက်ယူရာတွင် ၅၄၇၀၉ ဦးသာရှိကြောင်း တွေ့ရှိရသဖြင့် မူးယစ်ဆေးဝါးသုံးစွဲသူများဟာ တစ်နှစ်ထက်တစ်နှစ် ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

မူးယစ်ဆေးဝါး တာဆီးနှိမ်နင်းရေးကဏ္ဍတွင် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ အကောက်ခွန် စသည့် တားဆီးနှိမ်နင်းရေးအဖွဲ့များနှင့် အိမ်နီးချင်း ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့ရှိ မူးယစ်ဆေးဝါး တားဆီးရေးအဖွဲ့တွေနှင့် သတင်းအပြန်အလှန်ဖလှယ်၍ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းကြောင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ အောင်မြင်ခဲ့ပါသည်။ မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်တဲ့အတွက် ဒေသအတွင်း၊ ဒေသခွဲအတွင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး ဆောင်ရွက်နိုင်ခြင်းကြောင့် နိုင်ငံဖြတ်ကျော်ဂိုဏ်းဖွဲ့၍ မူးယစ်ဆေးဝါးပြစ်မှု ကျူးလွန်သူများကို ထိထိရောက်ရောက် ဖမ်းဆီးတရားစွဲဆိုနိုင်ခဲ့ခြင်းမှာလည်း တားဆီးရေးကဏ္ဍ၏ အောင်မြင်မှုပင်ဖြစ်ပါသည်။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကုလသမဂ္ဂအဖွဲ့ကြီး၏ ၂၀၀၈ ခုနှစ် ဆောင်ပုဒ်ဖြစ်သည့် **"မူးယစ်ဆေးလွှမ်းမိုး စိုးမိုးနေရင် မင်းဘဝ၊ မင်းမိသားစု၊ မင်းပတ်ဝန်းကျင် မလုံခြုံပါ။"**

"No individual, family or community is safe where illicit drugs take control" ဟူသော ဆောင်ပုဒ်နှင့်အညီ လူသားတစ်ရပ်လုံး၏ ဘဝပတ်ဝန်းကျင်တစ်ခုလုံး မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရန် ပြည်သူလူထုတစ်ရပ်လုံး လက်တွဲညီညီ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## ငရဲပန်း

❒ လူသားမျိုးနွယ် ဘေးရန်များတဲ့
မူးယစ်ဆေးဝါး အန္တရာယ်၊

❒ သုံးစွဲသူတွေ စိတ်ဖောက်ပြားလို့
ထိတ်လန့်ချောက်ချား ကြောက်ရွံ့ဖွယ်၊

❒ မူးယစ်ဆေးကို အကဲစမ်းတော့
အသည်းကျွမ်းလို့ ရောဂါတွယ်၊

❒ မူးယစ်သားကောင် ဆေးကျွန်ဖြစ်ရင်
ဘေးနွံနစ်ပြီး သေတတ်တယ်၊

❒ သေမင်းတမန် မူးယစ်ဆေးမို့
ရှောင်လေဝေးဝေး နေစို့ကွယ်၊

❒ မူးယစ်ဆေးကို မစွဲလမ်းနဲ့
ငရဲပန်းလို့ မှတ်ရမယ်၊
မှတ် . . . မယ်၊ မှတ် . . . မယ်။ ။

**ပညာသု**

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၆-၆-၂၀၀၈ (ကြာသပတေးနေ့) [၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ဧရက် (ဥပုသ်နေ့)]**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ ရှုဖွယ်စုံညီ မြန်မာပြည်
- ၇:၅၀ ၅။ လက်ဆင့်ကမ်းပေး ဂီတတေး
- ၈:၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၅ ၇။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
- ၈:၃၀ ၈။ International News
- ၉:၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ အကပဒေသာ
- ၄:၂၅ ၃။ အတီးပြိုင်ပွဲ
- ၄:၃၀ ၄။ တေးဂီတအစီအစဉ်
- ၄:၄၀ ၅။ နိုင်ငံ့စီးပွား အလေးထား ကျေးလက်ထုတ်ကုန်များ
- ၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၅:၀၀ ၇။ တေးဂီတအစီအစဉ်
- ၅:၁၀ ၈။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
- ၆:၄၀ ၁၂။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
- ၆:၄၅ ၁၃။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
- ၇:၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကော်ဖီချစ်သူ" (အပိုင်း-၇)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၅)**
- ၁၉။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်း တရားတော်
- ၂၀။ အစီအစဉ်ပြီး၏။

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်
တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့
၂၆-၆-၂၀၀၈

**International Day Against**
**Drug Abuse and Illicit Trafficking**
**26-6-2008**



# ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်းအတွင်းရှိ စက်ရုံစီမံကိန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော်  ဇွန်  ၂၅

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း မြစ်သားမြို့နယ်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း မြစ်သားချည်မျှင်စက်ရုံ(စီမံကိန်း)သို့ရောက်ရှိပြီး မြို့ပြဆိုင်ရာအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ပင်မစက်ရုံအဆောက်အအုံ၊ အမိုးအကာနှင့် ကြမ်းခင်းများ ၈၈ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးမှု၊ စက်မှုဆိုင်ရာ အဆောက်အအုံ၊ ရေအေးပေးစက်ရုံ၊ ရေကန်၊ စက်ပြင်အလုပ်ရုံ ၉၄ ရာခိုင်နှုန်းပြီးစီးမှုနှင့် သိုလှောင်ရုံများတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

အဆိုပါ မြစ်သားချည်မျှင်စက်ရုံ (စီမံကိန်း)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tianjin Universal Machinery Import & Export Co., Ltd. နှင့် တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်ပြီး ပြည်တွင်းလိုအပ်ချက်အတွက် တစ်နှစ်လျှင် ချည်ပေါင် ၅ ဒသမ ၄၇၂ သန်း ထုတ်လုပ်ရရှိမည်ဖြစ်သည်။ အလားတူ ပလိပ်၊ ရွှေတောင်၊ ပွင့်ဖြူ ပခုက္ကူ ဆားလင်းကြီး၊ စစ်ကိုင်း ချည်မျှင်နှင့်အထည်စက်ရုံကြီးများမှလည်း တစ်နှစ်လျှင် ချည်ပေါင် ၄၂ သန်း ဖြည့်ဆည်းပေးလျက်ရှိသည်။

ဆက်လက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ပျော်ဘွယ်မြို့နယ် ဆားတောင်ကျေးရွာအနီး မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ကုန်းတွင်းဆားထုတ်လုပ်မှု လုပ်ငန်းခွင်သို့ရောက်ရှိပြီး ဆားပျိုးခင်း၊ ဆားရေစစ်စင်၊ ဆားရေတွင်းမှ ဆားထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်ကိုလည်းကောင်း၊ ဆားချက်မီးဖိုဖြင့် ဆားချက်လုပ်မှုလုပ်ငန်းအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ဝန်ကြီးဦးအောင်သောင်းသည် ဆားပါဝင်မှု တိုင်းတာခြင်းအား ကြည့်ရှုစစ်ဆေး၍ ဝန်ကြီးက မြေအောက်ရေမှ ဆားချက်ခြင်းလုပ်ငန်းအား ပိုမိုထွက်ရှိရေးအတွက် နေလှန်းဆားကွင်းများအဖြစ် တိုးချဲ့လုပ်ကိုင်ဆောင်ရွက်ရန်မှာကြားသည်။ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းအတွင်းရှိ မြေအောက်ဆားလုပ်ငန်းများဖြစ်၍ ဆားအမြောက်အမြားထုတ်လုပ်ရရှိ နိုင်ကြောင်းသိရှိရသည်။

ထို့မှတစ်ဆင့် ဝန်ကြီး ဦးအောင်သောင်းသည် ပျော်ဘွယ်မြို့နယ် မြန်မာ့အထည်အလိပ်လုပ်ငန်းပျော်ဘွယ်ချည်မျှင်စက်ရုံ (စီမံကိန်း)သို့ ရောက်ရှိပြီး စက်ရုံပတ်ဝန်းကျင်တွင် စိုက်ပျိုးထားသော စိုက်ခင်းများ၊ စီမံကိန်းလုပ်ငန်းခွင်အတွင်း မြို့ပြဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်းနှင့်စက်မှုပိုင်းဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်း၊ စက်မှုပိုင်းဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် စက်ရုံတွင် အသုံးပြုတပ်ဆင်ရန်ရောက်ရှိနေသော စက်ပစ္စည်းများ သိုလှောင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ပျော်ဘွယ်ချည်မျှင်စက်ရုံ (စီမံကိန်း)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tianjin Universal Machinery Import & Export Co.,Ltd. က တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်ကာ စီမံကိန်းစက်ရုံ လည်ပတ်ထုတ်လုပ်နိုင်ပါက ပြည်တွင်းလိုအပ်ချက်၏ ချည်ပေါင် ၅ဒသမ ၄၇၂သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## သုံးပွင့်ဆိုင်ခြေစမ်းပွဲ ယနေ့ကျင်းပမည်

**ရန်ကုန် ဇွန် ၂၅**

ဇူလိုင် ၃၀ရက်မှ ဩဂုတ် ၁၀ရက်အထိ အိန္ဒိယနိုင်ငံတွင်ကျင်းပမည့် AFC Challenge Cup ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းဖွဲ့စည်းရေးအတွက် ဇွန် ၂၆ ရက်မှ ၃၀ရက်အထိ သုံးပွင့်ဆိုင်ခြေစမ်းပွဲများ ကျင်းပမည်ဖြစ်သည်။

ခြေစမ်းပွဲများကို ဇွန် ၂၆ရက်တွင် အနီရောင်အသင်းနှင့် အဝါရောင်အသင်း၊ ၂၈ရက်တွင် အဝါရောင်အသင်းနှင့် အပြာရောင်အသင်း၊ ၃၀ရက်တွင် အပြာရောင်အသင်းနှင့် အနီရောင်အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အောင်ဆန်းကွင်း၌ ညနေ ၃ နာရီ ၄၅ မိနစ်တွင် စတင်မည်ဖြစ်သည်။ ကွင်းဝင်ကြေးအဖြစ် အထူးတန်း ကျပ် ၅၀၀နှင့် ရိုးရိုးတန်း ကျပ် ၂၀၀ သတ်မှတ်ထားသည်။

မြန်မာ့လက်ရွေးစင် အသင်း၏ နည်းပြချုပ်ဖြစ်သူ မားကို့စ်အန်တိုနီယိုဖလော်ပါ(ဘရာဇီး)က ခြေစမ်းပွဲများမှရွေးချယ်၍ ပဏာမလက်ရွေးစင်အသင်းကို ဖွဲ့စည်းသွားမည်ဖြစ်ပြီး ဇူလိုင်၁ရက်မှစ၍စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

(ကြေးမုံ)





**၂၀၀၈ခုနှစ် ဇူလိုင် ၃ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဥပဒေရေးရာဆွေးနွေး ဟောပြောပွဲတွင် စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး ဒေါ်မြသီဂီ နှုတ်ခွန်းဆက်အမှာစကားပြောကြားစဉ်။** (ပို့ဆောင်ရေး)

# မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို၊ ဥပဒေရေးရာဆွေးနွေးဟောပြော

ရန်ကုန်  ဇွန်  ၂၅

**၂၀၀၈ခုနှစ် ဇူလိုင် ၃ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာနကြီးနှင့် ဥပဒေရေးရာ လေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းစီစဉ်သည့် ဥပဒေရေးရာ ဆွေးနွေးဟောပြောပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဆင်မလိုက်ရှိ ရေကြောင်းပညာသိပ္ပံ၌ ကျင်းပသည်။**

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စည်းကမ်းထိန်းသိမ်းရေး ဌာနကြီးမှူး ဒေါ်မြသီဂီ၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနကြီးမှူး ဒေါ်မြင့်မြင့်စိုး၊ စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ စည်းရုံးရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ ဘဏ္ဍာရေးရာ ဌာနကြီးမှူး ဒေါ်အေးအေး၊ ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင်ဒေါက်တာဒေါ်စန္ဒာအောင်၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်ခင်မိမိ၊ အတွင်းရေးမှူး အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ကြင်မြိုင်နှင့် အဖွဲ့ဝင်များ၊ ဒေသစည်းရုံးရေးမှူး (ကချင်ပြည်နယ်)ဒေါ်ဝေဝေ၊ ဥပဒေပညာရှင်များ၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၏ဇနီးများ၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင်ဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများ၊ ရေကြောင်းပညာသိပ္ပံ အရာရှိလောင်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူးဒေါ်မြသီဂီကနှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဥပဒေပညာရှင်များဖြစ်ကြသော ပါမောက္ခ ဒေါက်တာဒေါ်တင်မေထွန်းကပင်လယ်ပြင်အတွင်း အပူတပြင်း လိုက်လံဖမ်းဆီးခွင့်ကိုလည်းကောင်း၊ ရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး (အငြိမ်းစား) ဒေါ်မြင့်ဆွေက အမျိုးသမီးများအားအကာအကွယ်ပေးထားသောဥပဒေများအကြောင်းသိကောင်းစရာများကို လည်းကောင်း၊ ဥပဒေပါမောက္ခ ဒေါက်တာဒေါ်သန်းနွဲ့က ပင်လယ်ဓားပြနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့ကို လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာနဌာနကြီးမှူးဒေါ်မြသီဂီက နိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဝတ္ထုရှည်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ကာတွန်းပြိုင်ပွဲများ ဖိတ်ခေါ်

**နေပြည်တော် ဇွန် ၂၅**

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ယာဉ်မတော်တဆမှုများ ကျဆင်းရေးအတွက် ယာဉ်စည်းကမ်းအသိပညာပေး ဝတ္ထုရှည်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ကာတွန်းပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များမှာ နေပြည်တော်၌ ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုများ၊ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေး၊ ပြည်သူအများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအား သိရှိနားလည်စေရေးအတွက် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီသို့ ပြည်သူအများ ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်စေရေးအတွက် ရည်ရွယ်လျက် အနုပညာရသမြောက်စွာ ဖွဲ့ဆိုသီကုံးရေးဆွဲရမည့် ဦးတည်ချက်ဆောင်ပုဒ်များမှာ **'ဥပဒေဘောင်အတွင်း မောင်းနှင်ခြင်း၊ ပူးပေါင်းဆောင်ရွက် ပြည်သူ့အတွက်'**၊ **'ယာဉ်လမ်းတစ်ခွင် အစဉ်သာရေး၊ မနှေးဖေးကူတို့ပြည်သူ'** နှင့် **'ဥပဒေဘောင်အတွင်းမောင်းနှင်ခြင်း၊ ဘေးကင်းရန်ကွာတို့ပြည်သာ၏'** ဖြစ်သည်။

ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာ ထားရှိ၍ စာလုံးရေကန့်သတ်ချက်မှာ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ မှ ၁၀၀၀၀၀ အထိ၊ ဝတ္ထုတိုတွင် စာလုံးရေ ၄၀၀၀ မှ ၁၀၀၀၀ အတွင်းဖြစ်သည်။ ဆောင်းပါးပြိုင်ပွဲတွင် စာလုံးရေကန့်သတ်ချက်မှာ စာလုံးရေ ၃၀၀၀မှ ၅၀၀၀အတွင်းဖြစ်သည်၊ကဗျာပြိုင်ပွဲတွင် ကဗျာစပ်ထုံးစပ်နည်း မှန်ကန်ပြီး ပါဒ ၁၀၀မှ ၁၅၀ အတွင်းဖြစ်ရမည်။ ကာတွန်းပြိုင်ပွဲတွင် စာရွက်အရွယ်အစားအသေးဆုံး A-3 ဆိုဒ်နှင့် အကြီးဆုံး ၂၀"× ၃၀"ဖြင့် နှစ်သက်ရာ ဆေးအရောင်ကို အသုံးပြု၍ ထင်ရှား ပြတ်သားစွာရေးဆွဲပြီး ယှဉ်ပြိုင်နိုင်သည်။

ဝတ္ထုရှည်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင်တစ်ဦးသည် ကဏ္ဍတစ်မျိုးလျှင် စာမူတစ်မျိုးသာ တင်သွင်းနိုင်ပြီး ကာတွန်းပြိုင်ပွဲတွင်လည်း ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာပေးပို့ယှဉ်ပြိုင်ခွင့်ရှိသည်။

ပြိုင်ပွဲဝင်များအနေဖြင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၂)ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်းချုပ်၊ မိမိကိုယ်တိုင် ရေးသားခြင်း၊ ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် အခြားပြိုင်ပွဲများတွင်လည်း ဆုရရှိဖူးသော စာမူမဟုတ်ကြောင်း ဝန်ခံချက် စသည်တို့ကို ပူးတွဲပေးပို့ရမည်။ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေးသား၍ မူရင်း၊မိတ္တူ(၂)စောင် ပေးပို့တင်သွင်းသွားရမည်။

ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများအား နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ စာတိုက်သေတ္တာအမှတ်(၁၂၃) ဗဟိုစာတိုက်ကြီး နေပြည်တော်သို့ ၂၀၀၈ခုနှစ် စက်တင်ဘာ ၁၅ရက်အရောက် ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်စာမူများကို ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများအဖြစ် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသော စာမူများကို ၂၀၀၈ခုနှစ် နိုဝင်ဘာ ၁၅ရက်တွင်ကြေညာ၍ ဆုရရှိသူများကို နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီသို့ ဖိတ်ခေါ်ပြီး ၂၀၀၈ ခုနှစ် ဒီဇင်ဘာလတွင် အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေ

ရန်ကုန်  ဇွန်  ၂၅

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ ကချင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များ** မှာ ကိုကိုးကျွန်းမြို့တွင် ၅ ဒသမ ၇၅ လက်မ၊ မြိတ်မြို့တွင် ၄ ဒသမ ၇၃ လက်မ၊ ပူတာအိုမြို့နှင့် ဗန်းမော်မြို့တို့တွင် ၃ဒသမ ၆၂လက်မစီ၊ မချမ်းဘောမြို့တွင် ၂ဒသမ ၄၀လက်မနှင့် ထားဝယ်မြို့တွင် ၁ ဒသမ ၇၃ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေအားကောင်းနေသည်။

**ဇွန် ၂၆ရက် ညနေထိ ခန့်မှန်းချက်**

ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပြီး ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**။ ။မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းမည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

| | |
|---|---|
| ၃၃ ဒသမဝဒီဂရီစင်တီဂရိတ် (၉၁ဒီဂရီဖာရင်ဟိုက်) | ၂၄-၆-၂၀၀၈ |

**အနိမ့်ဆုံးအပူချိန်**

| | |
|---|---|
| ၂၃ ဒသမ ဝဒီဂရီစင်တီဂရိတ် (၇၃ဒီဂရီဖာရင်ဟိုက်) | ၂၅-၆-၂၀၀၈ |
| ဝ၉း၃ဝ နာရီအချိန် စိုထိုင်းဆ ၈၂ ရာခိုင်နှုန်း | ၂၅-၆-၂၀၀၈ |
| နေပူသည့်နာရီပေါင်း (၇ဒသမ ၂)နာရီခန့် | ၂၄-၆-၂၀၀၈ |

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၂၅-၆-၂၀၀၈ | မရှိပါ | မရှိပါ | ၂မမ (ဝဒသမဝ၈လက်မ) |
| ၁-၁-၂၀၀၈ မှ ယနေ့အထိ | ၉၆၇ မမ (၃၇ဒသမဝ၇လက်မ) | ၁၂၀၂ မမ (၄၇ဒသမ ၃၂လက် မ) | ၁၄၇၆ မမ (၅၈ဒသမ ၁၁လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၄-၆-၂၀၀၈ နေ့ ၁၆း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ (၆)မိုင်နှုန်း တိုက်ခတ်သည်။

## ပနားမားတွင် ကိုကင်းကီလို၆၀၀၀ကျော် မီးရှို့ဖျက်ဆီး

**ပနားမားစီးတီး ဇွန် ၂၄**

ပနားမား အာဏာပိုင်များသည် ကိုကင်း ၆၃၅၁ ကီလိုကို ပနားမား စီးတီး အရှေ့ပိုင်းတွင် သောကြာနေ့က မီးရှို့ဖျက်ဆီးခဲ့ကြောင်း အမျိုးသား ရဲတပ်ဖွဲ့ကပြောကြားသည်။

ယခုမီးရှို့သော မူးယစ်ဆေးဝါး များကို ရဲတပ်ဖွဲ့၊ အမျိုးသားလေတပ်၊ အမျိုးသားရေတပ်နှင့် မူးယစ်ဆေးဝါး ရှေ့နေများရုံးအဖွဲ့တို့ ဇွန် ၉ရက်မှ ၁၀ ရက်အတွင်း ပူးပေါင်းစစ်ဆင် ရေးမှ ဖမ်းဆီးရမိထားခြင်း ဖြစ်ကြောင်း တရားရေးဆိုင်ရာ စုံစမ်း စစ်ဆေးရေး ညွှန်ကြားရေးဌာန လက်ထောက် မန်နေဂျာဂျေဗီယာကာ ရီလိုက ပြောကြားသည်။

ရဲတပ်ဖွဲ့သည်အဆိုပါ စစ်ဆင်ရေး အတွင်း ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကွိုင်ဘာကျွန်းကို စီးနင်းရာတွင် အမြန်မော်တော်ဘုတ်နှစ်စင်းကိုလည်း သိမ်းဆည်းရမိကြောင်း ပြောကြား သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**ဂါဇာနှင့် အစ္စရေးနယ်စပ် အကြား ထိန်းချုပ်ထားမှုများ လျှော့ပေးလိုက်ပြီးနောက်ပိုင်း နယ်စပ်တွင် လောင်စာဆီများ ဖြည့်တင်းနေသူပါလက်စတိုင်း တစ်ဦးအား ဇွန် ၂၃ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

## အစ္စရေး-ဟားမတ်စ် အပစ်အခတ်ရပ်စဲရေးတိုးတက် ဂါဇာနယ်စပ်ထိန်းချုပ်မှု လျှော့ချ

**တဲလ်အဗစ် ဇွန် ၂၄**

အစ္စရေးနှင့်ပါလက်စတိုင်းဟားမတ်စ် အဖွဲ့တို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိပြီးနောက် သေနတ်တစ်ချက်မျှပစ်ခတ်မှုမဖြစ်ဘဲ အေးချမ်းနေသည်မှာ သုံးရက်ရှိသွား ပြီဖြစ်သည်။ နှစ်ဖက်အပစ်အခတ် ရပ်စဲရေးအခြေအနေ တိုးတက်လာ မှုကြောင့် ဂါဇာကမ်းမြောင်ဒေသကို ပိတ်ဆို့ထားသည့် အတားအဆီးများ အား ၅၀ ရာခိုင်နှုန်း လျှော့ချလိုက်ပြီး၊ အစ္စရေးတို့က ဆက်လက်၍လည်း တင်းကျပ်မှုကိုလျှော့ချသွားရန်စဉ်းစား နေကြောင်းသတင်းများကဖော်ပြသည်။

ယင်းကဲ့သို့ နယ်စပ်ထိန်းချုပ်မှု လျှော့ချလိုက်သည့်အတွက် ဂါဇာသို့ အစားအစာနှင့် ဆေးဝါးများပိုမိုရောက် ရှိလာသည်ဟုဆိုသည်။ ယခုအပစ် အခတ်ရပ်စဲရေးကိုလက်ခံလိုက်သဖြင့် အစ္စရေးတို့သည် ဟားမတ်စ်အဖွဲ့က အနောက်ဘက်ကမ်းဒေသကိုထိန်းချုပ် ထားသည်ကိုလည်းကောင်း၊ ယင်းအဖွဲ့ အစည်း တည်ရှိနေသည် ဟူသော အချက်ကိုလည်းကောင်းအသိအမှတ် ပြုလိုက်သည့်သဘောသက်ရောက်သည် ဟုလေ့လာသူများက ရှုမြင်ကြသည်။

ထိုသို့အသိအမှတ်ပြုလိုက်ခြင်းသည် သံခင်းတမန်ခင်းသဘောအရ တရား ဝင် အသိအမှတ်ပြုသည့် သဘောမျိုး မဟုတ်သေးသော်လည်း အစ္စရေး အနေဖြင့်ဟားမတ်စ်အဖွဲ့အား အရေး ကြီးသည့် အဖွဲ့အစည်းတစ်ခုအဖြစ် လက်ခံလာသည့် အခြေအနေပင် ဖြစ်သည်ဟု တဲလ်အဗစ်မြို့မှ အရှေ့ အလယ်ပိုင်းရေးရာလေ့လာသူ မီရာ ဂျာဗီဒန်ဖာကသုံးသပ်ပြောကြားသည်။ ယင်းအချက်သည် အစ္စရေးတို့၏ ယခင်မူဝါဒဖြစ်သောစစ်သွေးကြွအဖွဲ့ များနှင့် မဆွေးနွေးဟူသည့် သဘော ထားမှ ပြောင်းလဲလာခြင်း လက္ခဏာ ဖြစ်သည်ဟုဆိုသည်။ ***အင်တာနက်။***

## ဘင်္ဂလားဒေ့ရှ်၌ လူသုံးဦးအား ကိုက်သတ်သည့်ကျား ကျေးရွာသားများက ဖမ်းဆီးသတ်ဖြတ်

**ခိုးလ်နာ(ဘင်္ဂလားဒေ့ရှ်) ဇွန် ၂၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကျား တစ်ကောင် ကိုက်သတ်မှုကြောင့် လူ သုံးယောက် သေဆုံး ရပြီးနောက် ဇွန် ၂၁ ရက်တွင် ကျေးရွာသားများက ထောင်ချောက်ဆင် ဖမ်းဆီးကာ ကျားကို သတ်ဖြတ်လိုက်ကြကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ကျားသည် လွန်ခဲ့သည့် သောကြာနေ့က ကျေးရွာအတွင်း ဝင်ရောက်ပြီးလူသုံးဦးကို ကိုက်သတ် ခဲ့သည်။

ယင်းဖြစ်ရပ်သည် ဒါကာမြို့တော် အနောက်တောင်ဘက် ကီလိုမီတာ ၄၀၀ အကွာရှိ တော်ဝင် ဘင်္ဂလား ကျားများ ကျက်စားရာ ဆန်ဒါဘန် ဒီရေတောအနီးနှင့် ရှမ်နာဂါ ရဲ စခန်းအနီး ကျေးရွာ တစ်ရွာအစွန်၌ ဖြစ်ပွားခဲ့သည်။

ဒေါသထွက်နေသော ကျေးရွာ သားများက ဖမ်းမိသော ကျားကို ဝိုင်းဝန်းရိုက်နှက်မှုကြောင့် သေဆုံး ရကြောင်း သစ်တော တာဝန်ရှိသူက ပြောကြားသည်။ လွန်ခဲ့သည့် မတ်လ က ဆန်ဒါဘန် သစ်တောဝန်းကျင်ရှိ ကျေးရွာများအတွင်း ကျားကိုက် ခံရမှုကြောင့် လူခြောက်ဦး သေဆုံး ခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***



**ပေကျင်း အိုလံပစ်ပွဲတော်၏ သင်္ကေတတစ်ခုဖြစ်သည့် ပေကျင်းမြို့ရှိ ကောင်းကင်ဘုံ ဘုရားကျောင်း အဆောက်အအုံကို တွေ့ရစဉ်။**
*(ဓာတ်ပုံ-ပေကျင်းရီဗျူး)*

## ပြင်သစ်သမ္မတ အစ္စရေးမှအပြန် လေဆိပ်၌ နှုတ်ဆက်အခမ်းအနားကျင်းပစဉ် အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦး ကိုယ့်ကိုယ်ကိုယ် သတ်သေမှုဖြစ်ပွား

**ဂျေရုဆလင် ဇွန် ၂၅**

အစ္စရေးနိုင်ငံ ဘင်ဂူရီယန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြင်သစ်သမ္မတ နီကိုလပ်စ်ဆာကိုဇီ ပြန်လည် ထွက်ခွာသွားသည်ကို ပို့ဆောင်နှုတ်ဆက်သည့် အခမ်းအနားကျင်းပနေစဉ် ဂုဏ်ပြုတပ်ဖွဲ့မှ အရာရှိတစ်ဦး မိမိ ကိုယ်မိမိ သေနတ်ဖြင့် ပစ်ခတ်သတ်သေသည့်ဖြစ်ရပ် ဇွန် ၂၄ရက်တွင် ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်ရပ်နှင့် ပတ်သက်၍ အသေးစိတ်အချက်အလက် တစ်စုံတစ်ရာကို နယ်စပ်ကာကွယ်ရေး ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မိုရှေးဖင်ဇီက ပြောကြားခြင်းမပြုပေ။ သို့ရာတွင် ယင်းဖြစ်ရပ်သည် ပြင်သစ်သမ္မတ အား လုပ်ကြံသည့်အဖြစ်အပျက်မဟုတ်ကြောင်းကိုမူ အတည်ပြုပြောကြားသည်။

အဆိုပါအဖြစ်အပျက်နှင့်ပတ်သက်၍ စုံစမ်းလျက်ရှိကြောင်း ၎င်းကဖြည့်စွက်ပြောကြားသည်။အခင်းဖြစ်ပွားမှု တွင် သေဆုံးသွားသူရဲတပ်ဖွဲ့ဝင်မှာ ဂုဏ်ပြုတပ်ဖွဲ့တွင်ပါဝင်သူတစ်ဦးဖြစ်ကြောင်း ရဲတပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူရှလိုမိ ဆာဂီက ပြောကြားသည်ကို ကိုးကား၍ ဂျေရုဆလင်ပို့စ်နေ့စဉ်သတင်းစာ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ယင်းဖြစ်ရပ်ဖြစ်ပွားချိန်တွင် အဆိုပါတပ်ဖွဲ့ဝင်သည် ဧည့်သည်တော် ပြင်သစ်သမ္မတလိုက်ပါမည့် လေယာဉ်မှ မီတာ ၂၀၀ခန့်အကွာတွင် ရှိနေသည်။

အခင်းဖြစ်ပွားလျှင်ဖြစ်ပွားချင်း အစ္စရေးလုံခြုံရေးအရာရှိများသည် သေနတ်များကိုင်ကာ အစ္စရေးဝန်ကြီး ချုပ် အိုလ်မတ်နှင့် သမ္မတရှီမွန်ပီရက်စ်တို့ကို ကျည်ကာမော်တော်ယာဉ်အတွင်း ပို့ဆောင်ထားလိုက်သကဲ့သို့ ပြင်သစ် သမ္မတ နီကိုလပ်စ်ဆာကိုဇီနှင့်ဇနီးတို့ကိုလည်း လေယာဉ်ပေါ်သို့ အလျင်အမြန် ခေါ်ဆောင်သွားခဲ့သည်။ အခြေအနေ အေးဆေးတည်ငြိမ်သွားမှ နှုတ်ဆက်ပွဲကို ဆက်လက်ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**အစ္စရေးလေဆိပ်တွင် ဂုဏ်ပြုတပ်ဖွဲ့ဝင်တစ်ဦး ကိုယ့်ကိုယ်ကိုယ်သတ်သေမှု ဖြစ်ပွားပြီးနောက် ပြင်သစ် သမ္မတ ဆာကိုဇီအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လေယာဉ်ပေါ်သို့ခေါ်ဆောင်သွားပြီး အစ္စရေးဝန်ကြီးချုပ်အား ဘေးကင်းရာသို့ ခေါ်သွားသည်ကို ဇွန် ၂၄ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

## ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

## အီရန်ကိုတိုက်ခိုက်လာပါက တုံ့ပြန်ဖျက်ဆီးမည်ဟု အီရန်ကာကွယ်ရေးဝန်ကြီး ပြောကြား

**တီဟီရန် ဇွန် ၂၄**

အီရန်နိုင်ငံအား မည်သည့်နည်းလမ်းဖြင့် တိုက်ခိုက်လာသည်ဖြစ်စေ တိုက်ခိုက်လာသော နိုင်ငံမှန်သမျှကို တုံ့ပြန်ဖျက်ဆီးသွားမှာဖြစ်ကြောင်း အီရန် ကာကွယ်ရေးဝန်ကြီးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

### ကြိုတင်လေ့ကျင့်ခြင်းဖြစ်

အစ္စရေးနိုင်ငံသည် ကြီးမားသောစစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့ကြောင်း၊ ယင်းသည်အီရန်နျူကလီးယား အဆောက်အအုံများကို ဗုံးကြဲရန်အတွက် ကြိုတင်လေ့ကျင့်ခြင်းဖြစ်ဖွယ်ရှိကြောင်း အမေရိကန်အရာရှိများ၏ ပြောကြား ချက်ကို နယူးယောက်တိုင်းမ်သတင်းစာက ကိုးကားဖော်ပြသည်။

အစ္စရေးနိုင်ငံ၏ စစ်ရေးလေ့ကျင့်ခြင်းသည် အီရန်နိုင်ငံအား စိတ်ဓာတ် ရေးရာစစ်ပွဲ ဆင်နွှဲခြင်း၏ တစ်စိတ်တစ်ပိုင်းသာဖြစ်ကြောင်း အီရန် ကာကွယ် ရေးဝန်ကြီး မော့စ်တာဖာမိုဟာမက်နတ်ဂျာက ပြောသည်။

အီရန်နိုင်ငံသည် မည်သည့်အခါမျှ တိုင်းတစ်ပါးကို စတင်တိုက်ခိုက်မှာ မဟုတ်ကြောင်း၊ သို့သော် တိုက်ခိုက်ခြင်းခံရလျှင် ရသည့်နည်းလမ်းအလုံးစုံနှင့် ပြန်လည်တိုက်ခိုက်သွားမှာဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးက ပြောသည်။ ***အမ်အင်အေ၊ရိုက်တာ။***

## အာဖဂန်နစ္စတန်၌ မဟာမိတ်တပ်ဖွဲ့ဝင် လေးဦးသေဆုံး

**ကဘူး ဇွန် ၂၄**

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာ ပြည်နယ်တွင် မကြာမီအချိန်ကတာလီ ဘန်စစ်သွေးကြွများအား ထိုးစစ်များ စတင်ဆင်နွှဲရာမှ ဇွန် ၂၁ ရက်၌ ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန် ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့ဝင် လေးဦး သေဆုံးခဲ့ပြီး နှစ်ဦးဒဏ်ရာ ရရှိကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်က ကန်ဒါဟာအကျဉ်းထောင် ဖောက်၍ တာလီဘန်အကျဉ်းသား ၃၀၀ထက် မနည်း လွတ်မြောက်သွားပြီးနောက် မြို့ပြင်ဒေသများကို တာလီဘန်တို့ သိမ်းပိုက်ထားခြင်းဖြစ်သည်။ ယင်း ဒေသကို အာဖဂန်နှင့် နိုင်ငံစုံတပ်ဖွဲ့ များက ထိုးစစ်ကြီးများ ဆင်နွှဲပြီး တာလီဘန်တို့အား ရှင်းလင်းခဲ့ သည်။ အာဖဂန်နစ္စတန်ရှိ နေတိုး ဦးဆောင်သော နိုင်ငံတကာ လုံခြုံရေး ထောက်ကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေ အက်ဖ်)တွင် တပ်ဖွဲ့ဝင် ၅၀၀၀၀ ခန့် ရှိပြီးအမေရိကန်တပ်ဖွဲ့ဝင်၁၀၀၀၀ကျော် ပါဝင်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

## လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

**✳ ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။**

**✳ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။**

**☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

**☆ BBC ညာနေသည်**
**VOA လိမ်နေသည်**
**RFA ရန်တိုက်ပေးနေသည်**

**☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

### ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

## ဧရာဝတီတိုင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီ ဆောင်ရွက်ရန် မွန်ပြည်နယ် ကြက်ခြေနီတပ်ဖွဲ့ဝင် ၃၀ ထွက်ခွာ

**ရန်ကုန် ဇွန် ၂၅**

ဧရာဝတီတိုင်း မုန်တိုင်းသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီ ဆောင်ရွက်ရန် မွန်ပြည်နယ် ကြက်ခြေနီအသင်းမှ ဦးကျော်မြင့် ဦးစီးသော ကြက်ခြေနီတပ်ဖွဲ့ဝင်အင်အား ၃၀ သည် မော်လမြိုင်မြို့မှ ဇွန် ၁၉ရက်တွင် ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များ လပွတ္တာမြို့နယ် သက်နှင်းလေးကျေးရွာ အတွင်းရှိ မုန်တိုင်းဒဏ်ကြောင့် ပြိုလဲနေသည့် သစ်ပင်များကို ဖယ်ရှားရှင်းလင်းစဉ်။ (သတင်းစဉ်)

### ဆေးအကာအကွယ်ပေးရေးအဖွဲ့ မလေးရှားနိုင်ငံမှ ရောက်ရှိ

**ရန်ကုန် ဇွန် ၂၅**

မလေးရှားနိုင်ငံမှ ဆေးအကာအကွယ်ပေးရေးအဖွဲ့ဝင်၂၅ဦးပါဝင်သော အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြသည်။ (သတင်းစဉ်)